# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၂)


# ဒုတိယသမ္မတ ဦးညိုစော ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ် ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

ဗလာဒီဗော့စတော့ စက်တင်ဘာ ၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် ကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ယူရီပက် ထရိုဗစ်ချ် ထရုညက်ဖ်နှင့် စက်တင်ဘာ ၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဗလာဒီဗော့စတော့မြို့၌တွေ့ဆုံပြီး မြန်မာ-ရုရှားနှစ်နိုင်ငံ ဆက်ဆံရေး၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး၊ စွမ်းအင်၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့် အကောင်အထည်ဖော်ဆောင်ရေးနှင့် ဗလာဒီဗော့စတော့မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ


*စာမျက်နှာ ၃ ကော်လံ ၁ ✳*




ဒုတိယသမ္မတ ဦးညိုစောနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ယူရီပက် ထရိုဗစ်ချ် ထရုညက်ဖ် တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း — ပြည်တွင်းသတင်း — စာ ၅

ဒီဂျစ်တယ်ထောင်ချောက်နှင့် သောကြာနေ့ညနေခင်း — ဆောင်းပါး — စာ ၆

တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက် ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ — ပြည်တွင်းသတင်း — စာ ၁၅

တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့ (၂) — ဆောင်းပါး — စာ ၁၆


# ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ် ဘက်ထရီရထားစက်ခေါင်းဖြင့် စတင်ပြေးဆွဲ




ပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ဘက်ထရီရထားစက်ခေါင်းဖြင့် ယနေ့မှ စတင်ကာ ပြေးဆွဲလျက်ရှိသည်။

ရထားခရီးစဉ်တွင် လမ်းကြောင်းတစ်လျှောက်ရှိ ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်နှင့်တိုးကြောင်ကလေး စသည့် ဘူတာများတွင်


*စာမျက်နှာ ၇ ကော်လံ ၁ ▲*


# ပေါင်းလောင်းရေလှောင်တမံအောက်ဘက်ရှိ ဒေသများ ဘေးကင်းလုံခြုံမှုရှိပြီး ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိ

နေပြည်တော် စက်တင်ဘာ ၁

အောက်ပေါင်းလောင်းရေလှောင်တမံသည် လက်ရှိတွင် ဟိုက်ဒရောလစ်ရေမြှင့် ရေတံခါး Hydraulic Elevator Dam (HED) (၁၀)ရွက် ဖွင့်ထားပြီး စီးဝင်ရေနှင့်သိုလှောင်ရေကို ဟန်ချက်ညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပေါင်းလောင်းရေလွှဲဆည် (အဝေရာရေလွှဲဆည်)မှ တစ်ဆင့် ရေလမ်းကြောင်းထိန်းညှိ ဆောင်ရွက်နေခြင်းကြောင့် ရေဝေရေလဲဒေသနှင့် စစ်တောင်းမြစ်တစ်လျှောက်တွင် ထူးကဲသည့် မိုးသည်းထန်စွာရွာသွန်းမှုမရှိပါက ရေကြီးရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်း သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၁ ○*


**ယနေ့ မိုးလေဝသ**

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**


နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်း-ဂျက်ခမ်းပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



* ရှေ့ဖုံးမှ
အမှုဆောင်အတွင်းရေးမှူး မစ္စတာ အန်တွန်ကိုဗျာကော့ဗ်၊ ရေ့ခ်ျကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ရှတီရော့ဗ်တို့နှင့် ဗလာဒီဗော့စတော့မြို့၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲများသို့ ဒုတိယသမ္မတနှင့်အတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

■

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပပြုလုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ မတိမ်ကော၊ မပပျောက်စေရန်နှင့် မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ အကောင်းဆုံးတံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်သည်။




အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ဆုချီးမြှင့်ပွဲ ပထမပိုင်းကိုပြုလုပ်ရာ ဦးစွာ မျက်လှည့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး ဇော်မင်းထွန်းနှင့်အဖွဲ့၊ ခေတ်ပေါ်တီးဝိုင်းပြိုင်ပွဲ(အဖွဲ့လိုက်)တွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ် အောင်ဇော်နှင့်အဖွဲ့၊ မြန်မာ့ဆိုင်းဝိုင်း (အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ် တင့်ဆန်းနှင့် အဖွဲ့တို့အား စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်း) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်း ဦးဆောင်သောတေဇဂုဏ်အဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်း ဦးဆောင်သော လယ်တောသူ ယိမ်းအဖွဲ့နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု(တိုင်းရင်းသားရိုးရာ) ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး/စာရေး ကျော့ယမင်းဦးဆောင်သော ညီညာစေတိုင်းရင်းသားယိမ်းအဖွဲ့တို့အား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦးက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အငြိမ့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ရွှေပြည်တန်အငြိမ့်အဖွဲ့နှင့် ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ မိုက်နောင်တ စင်တင်ပြဇာတ်အဖွဲ့တို့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် အကောင်းဆုံး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ့ဆိုင်းဝိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အောင်ပါစေ ဧည့်ခံတီးလုံးဖြင့် တီးခတ်ဖျော်ဖြေခြင်း၊ ခေတ်ဟောင်းတေး (အမျိုးသား)အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တပ်ကြပ်ကြီး အေးမင်းထွန်းက လူချွန်လူကောင်း တေးသီချင်း၊ ကာလပေါ်တေး (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်မှ တပ်ကြပ်ကြီး(အစားခန့်) ဒေါ်ကြည်စင်သန့်က တောင်တန်းပြာနဲ့ ကျောပိုးအိတ် တေးသီချင်း၊ ခေတ်ပေါ်တေး(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဗိုလ်ကြီး ဒေါ်မေအိန္ဒြေသန့်က ရှူးရှူးမိုက်မိုက်အချစ်တေးသီချင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (နန်းတွင်းယိမ်း)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တေဇဂုဏ် နန်းတွင်းယိမ်းအကများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်ယိမ်း) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ လယ်တောသူ ကျေးလက်ယိမ်းအကများ၊ မျက်လှည့်ပြိုင်ပွဲ (အဖွဲ့လိုက်) ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စိတ်ဝင်စားစရာ အကောင်းဆုံးမျက်လှည့်ပြကွက်များ၊ ခေတ်ပေါ်တီးဝိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ တီးခတ်ဖျော်ဖြေခြင်း၊ အငြိမ့်(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ကောက်နုတ်ချက်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စစ်သည်၊ စစ်သမီးများက စည်းလုံးချစ်ကြည် ပြန်ဆုံကြမည် စုပေါင်းသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်ရင်း /တပ်ဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အကဲဖြတ်အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဝါရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ ဆုချီးမြှင့်ခြင်းကို ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် စစ်သည်၊ စစ်သမီးများအား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကဲဖြတ်ပညာရှင်များ ကိုယ်စား အကြံပေးပညာရှင် ဦးသက်ဆွေက ပြိုင်ပွဲအပေါ် သုံးသပ်ချက်များအား ဆွေးနွေးတင်ပြသည်။ ထို့နောက် ညွှန်ကြားရေးမှူးက ပြိုင်ပွဲကျင်းပခဲ့မှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး အကဲဖြတ်ပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမ ပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမ ပညာရပ်များမှ တစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္မာရင့် အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီအနုပညာရှင်အဖွဲ့များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများမှ စစ်သည်၊ စစ်သမီးများဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု (စိတ်ကြိုက်)ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်း အရေးပြိုင်ပွဲ၊ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၂၁ မျိုး ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဒေသအလိုက် ထူးခြားသည့် လူမှုစီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို စနစ်တကျမှတ်တမ်းတင်ဖော်ပြရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား



**နေပြည်တော် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်သည် ရှမ်းတိုင်းရင်းသားများသာမက သွေးချင်းတိုင်းရင်းသား လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဒေသအလိုက် ထူးခြားသည့် လူမှုစီးပွားရေး လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကို စနစ်တကျ မှတ်တမ်းတင်ဖော်ပြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် MRTV DTH စလောင်း ၁၅ စုံနှင့် CANAL+ ၁၀ စုံတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးထံ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ၁၀ စုံတို့ကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ လည်းကောင်း ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါ လူထုအခြေပြု ဗဟိုဌာန၌ တိုင်းရင်းသားရိုးရာ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ စာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး (ဟိုပုံး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေမည့် လူထုအခြေပြု ပြန်ကြားရေးလုပ်ငန်းများကို စိတ်ရင်းစေတနာဖြင့် တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ငါးစုံတို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်ထံ လည်းကောင်း၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအတွက် MRTV DTH စလောင်း ၁၀ စုံနှင့် CANAL+ ငါးစုံတို့ကို ကျောင်းတာဝန်ရှိသူတစ်ဦးထံလည်းကောင်း ပေးအပ်ပြီး အဆိုပါရုံးရှိ ဒေသဆိုင်ရာ ပြတိုက်ငယ်အတွင်း တိုင်းရင်းသား ရိုးရာပစ္စည်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုနှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရုပ်မြင်သံကြားအစီအစဉ်များနှင့် ရေဒီယိုအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်မှု၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○ *ရွှေဖုံးမှ*

ထို့ပြင် ရေလှောင်တမံသည် မူလကန်ရေပြည့် ရေလှောင်ပမာဏ ၅ ဒသမ ၄၉ သိန်း ဧကပေရှိပြီး ရေပိုလွှဲတွင် ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါး Hydraulic Elevator Dam (HED)ရေတံခါးရွက် ၂၀ တပ်ဆင်၍ ရေလှောင်ပမာဏ ဧကပေ ၂၁၀၀၀ ခန့် ပိုမိုသိုလှောင်နိုင်ခြင်းကြောင့် နှစ်စဉ်ရေအားလျှပ်စစ် ယူနစ် ရှစ်သန်း ပိုမိုထုတ်လုပ်ကာ စုစုပေါင်း ရေအားလျှပ်စစ် ယူနစ် ၉၁၉ သန်း ထုတ်လုပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အောက်ပေါင်းလောင်းရေလှောင်တမံသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သွားရောက်၍ တမံအတွင်းရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တမံလုံခြုံရေးနှင့် တမံဘေးကင်းလုံခြုံမှုအချက်ပြ အလံလွှင့်ထူမှုစနစ်ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

အောက်ပေါင်းလောင်းရေလှောင်တမံ အနေဖြင့် တည်ဆောက်အသုံးပြုခဲ့သည့် ၂၁ နှစ်တာ ကာလအတွင်း ရေပိုလွှဲမှ ၁၈ ကြိမ် ရေကျော်စီးဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေပိုလွှဲမှ အမြင့် ၁၁ ပေကျော်အထိ ရေကျော်စီးဆင်းခဲ့ပြီး ဒေသတွင်း ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရသော်လည်း လက်ရှိအခြေအနေအရ ဒေသ၏ ဘေးကင်းလုံခြုံမှုနှင့် ရေကြီးရေလျှံမှုအတွက် စိုးရိမ်ဖွယ်မရှိကြောင်းနှင့် ရေသိုလှောင်ပမာဏများပြားသော တမံများ၏ အခြေအနေအား သက်ဆိုင်ရာ ဒေသအသီးသီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လူမှုမီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မင်္ဂလာပါမြန်မာ" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လောကအားမာန်" သီချင်းကို သံစုံတီးဝိုင်းဖြင့် တီးခတ်ကာဖျော်ဖြေခြင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မျိုးမျိုးလင်း" မြန်မာ့ဆိုင်းဝိုင်းဖြင့် တီးခတ်ကာ သီဆိုဖျော်ဖြေခြင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကဗျာလွတ် (ယိမ်းအက)" ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့ပြင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အကပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ အဆိုပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ အရေးပြိုင်ပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ အတီး ပြိုင်ပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဘာသာရပ်အလိုက် ဒိုင်အဖွဲ့ဝင်များဖြစ်ကြသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

အခြေခံပညာအဆင့်ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၅၅၇ ဦးက စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ပညာမြင့်မှ လူမျိုးတင့်မည်

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁**

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေ၊ ဆည်ရေမြင့်တက်မှုများဖြစ်ပေါ်ခဲ့ရာ ရေများဝင်ရောက်ခဲ့သည့်နေရာဒေသများမှ ရေဘေးသင့် ပြည်သူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အခြေခံ စားသောက်ကုန်များ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပြီး စေတနာရှင်အလှူရှင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိသည်။

**အလှူငွေများလှူဒါန်း**

ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ စေတနာရှင် အလှူရှင်များက အလှူငွေများကို လှူဒါန်းရာ အလှူရှင်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီး စီချွမ်နှင့်ချုံချင့်ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အလှူငွေကျပ် သိန်း ၅၀၀ ကို လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**စစ်တွေ စက်တင်ဘာ ၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး စစ်တွေတက္ကသိုလ် (A) အသင်းနှင့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) (B) အသင်းတို့ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အားကစား အသင်းခြောက်သင်းက စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ စစ်တွေတက္ကသိုလ် အားကစားခန်းမ၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများ စိုက်ပျိုးသီးနှံများ အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိ

**ပုသိမ် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည် ကျဆင်းပါက ရေဘေးသင့်ပြည်သူများ စိုက်ပျိုးသီးနှံများ အချိန်မီပြန်လည် ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများ အသင့်စုဖွဲ့ထားရှိပြီး လိုအပ်သည့် မျိုးစေ့၊ သွင်းအားစုများကိုလည်း အသင့်စုဆောင်းထားရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့မွန်းလွဲပိုင်းတွင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေကျဆင်းပါက ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ရေကျော်စီးဝင်မှုကြောင့် ပျက်စီးခဲ့သည့် အိုင်သပြုနယ်မြေရဲစခန်းဝင်း ခြံစည်းရိုးနှင့် အဝင်လမ်းများ ပြန်လည်ပြုပြင်သွားမည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင် မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အလားတူ အိုင်သပြုတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အမှတ်(၃)ရပ်ကွက် ရေဘေးသင့် ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

ယနေ့ နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ရုံးသာ၌ ဘိုကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် မြို့သူ မြို့သားများ၏ အလှူငွေကျပ် သိန်း ၁၅၀ ကိုလည်းကောင်း၊ Horizon Telecom International ၏ အလှူငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တက္ကသိုလ်ဝင်တန်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ အောင်ချက်မြင့်မားရေးဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၁**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကချင်ပြည်နယ်အတွင်း Grade-12 အောင်ချက်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူဦးရေ ၁၈၀၀၀ ကျော်တို့အား စခန်းသွင်းလေ့ကျင့် သင်ကြားနိုင်ရေး ဆရာ ဆရာမများအား မြစ်ကြီးနားတက္ကသိုလ်၊ မိုးညှင်းတက္ကသိုလ်တို့နှင့် ပေါင်းစပ်၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ Face to Face ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ခရိုင်အလိုက် ကြိုတင်စီမံဆောင်ရွက်သွားမည့် အစီအစဉ်များကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်၏ တက္ကသိုလ်ဝင်တန်း (Grade-12) နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ အောင်ချက်မြင့်မားရေးဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ပညာရေးမှူးနှင့် အောင်ချက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါခန်းမ၌ ကျင်းပသည့် ဒေသတွင်း အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် တိရစ္ဆာန်အစာများ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကုန်သွယ်ရေးလုပ်ငန်းများ မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ခွင့်ပြုဆောင်ရွက်ပေးနေမှု၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာများအပေါ် အရေးယူဆောင်ရွက်မှုနှင့် သွင်းကုန်များအပေါ် လိုအပ်ချက်များနှင့်အညီ စစ်ဆေးခွင့်ပြုမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏။

ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# ဒီဂျစ်တယ်ထောင်ချောက်နှင့် သောကြာနေ့ ညနေခင်း

မောင်ဖိုးသား

- **“ကော်ဖီဆိုင်တို့၊ လေဆိပ်တို့မှာ ပေးထားတဲ့အခမဲ့ Public Wifi တွေကို သုံးပြီး ဘဏ်အကောင့်ထဲ ဝင်တာမျိုးနဲ့ ငွေလွှဲတာမျိုးတွေ လုံးဝမလုပ်နဲ့၊ ဟက်ကာတွေ ဖြတ်ယူသွားနိုင်တယ်။”**
- **“ကိုယ်ရေးကိုယ်တာ အချက်အလက်တွေနဲ့ နေရပ်လိပ်စာတွေကို ဆိုရှယ်မီဒီယာပေါ်မှာ အလွန်အကျွံ မတင်မိဖို့လည်း သတိထားရမယ်”**
- **“တကယ်လို့ မသင်္ကာစရာ ဖုန်းခေါ်တာ၊ စာတို၊ မက်ဆေ့ချ်တွေ ရလာရင် ချက်ချင်းမယုံနဲ့။ သက်ဆိုင်သူ၊ ဒါမှမဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ တရားဝင်ဖုန်းနံပါတ်၊ ဝက်ဘ်ဆိုက်၊ Page ကနေတစ်ဆင့် ပြန်ပြီးစစ်ကြည့်ပါ”၊ “ဒ့ါအပြင် ကိုယ်သုံးနေတဲ့အကောင့်တွေရဲ့ ပတ်စ်ဝပ်တွေကို ခိုင်မာအောင် သတ်မှတ်ထားပြီး ပုံမှန်ပြောင်းပေးနေဖို့လည်းလို”**

ရန်ကုန်မြို့၏ မိုးဖွဲဖွဲရွာသွန်းနေသော သောကြာနေ့ ညနေခင်းအချိန်ဖြစ်သည်။ ရုံးဆင်းချိန် နီးကပ်လာပြီဖြစ်သော်လည်း ရုံးခန်းကျယ်ကြီးအတွင်း၌မူ အလုပ်လုပ်နေကြသော ကီးဘုတ်ခေါက်သံများ၊ စာရွက်စာတမ်း လှန်လှောသံများနှင့် ဖုန်းပြောသံများဖြင့် အသက်ဝင်လှုပ်ရှားနေဆဲဖြစ်သည်။ ပြတင်းပေါက်မှန်ပြင်ထက်တွင် မိုးပေါက်များ တွဲခိုနေပြီး အပြင်ဘက်မှ မှိုင်းညို့ညို့ကောင်းကင်ကြီးက ရုံးတွင်းရှိ အလုပ်များနေသူများကို ပို၍ပင် မွန်းကျပ်စေသည့်နှယ် ရှိသည်။

ထိုအထဲတွင် ဥပဒေနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန (Legal and Compliance Department) မှ ဒုတိယမန်နေဂျာ မောင်ဖိုးသား တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သူက လာမည့်အပတ်အတွက် အရေးကြီးသော လုပ်ငန်းကန်ထရိုက်စာချုပ်များကို စားပွဲပေါ်တွင် ဖြန့်ခင်းကာ မျက်မှန်ကို ပင့်တင်ရင်း သေချာစွာ စိစစ်ဖတ်ရှုနေလေသည်။ အလုပ်ထဲတွင် အာရုံစိုက်လွန်းလှသဖြင့် ဘေးနားမှ ဖြတ်သွားသော လုပ်ဖော်ကိုင်ဖက်များကိုပင် သတိမထားမိလောက်အောင် ဖြစ်နေသည်။

ထိုသို့တိတ်ဆိတ်ငြိမ်သက်စွာ အလုပ်လုပ်နေချိန်တွင် ရုံးခန်း၏ တစ်ဖက်ထောင့်ရှိ အက်ဒမင်အဖွဲ့ထံမှ ရုတ်တရက်ထွက်ပေါ်လာသော အသံကျယ်ကြီးတစ်ခုကြောင့် လူတိုင်း၏ အာရုံများ လွင့်စဉ်သွားခဲ့ရသည်။

“ဟာ... ဒုက္ခပါပဲဗျာ။ ကျွန်တော့်ရဲ့ ဘဏ်အကောင့်ကို ပိတ်တော့မယ်တဲ့။ ဘယ်လိုလုပ်ရမလဲ မသိတော့ဘူး...”

အသံရှင်မှာ အက်ဒမင်အဖွဲ့မှ ကိုဉာဏ်လင်းဖြစ်သည်။ သူ၏ အလန့်တကြား အော်ဟစ်လိုက်သံကြောင့် ရုံးခန်းထဲရှိ လုပ်ဖော်ကိုင်ဖက်များအားလုံး သူတို့၏ ကွန်ပျူတာစခရင်များဆီမှ အာရုံလွှဲကာ သူ့ထံသို့ လှည့်ကြည့်မိသွားကြသည်။ မောင်ဖိုးသားသည်လည်း လက်ထဲမှ ဘောပင်ကိုချကာ စာရွက်များကို ခေတ္တဖယ်ထားလိုက်ပြီး နေရာမှထကာ ကိုဉာဏ်လင်း၏ စားပွဲဆီသို့ ဖြည်းညင်းစွာ လျှောက်သွားလိုက်သည်။ ကိုဉာဏ်လင်းမှာ သူ၏ လက်ကိုင်ဖုန်းစခရင်ကို ပြူးတူးပြူးတောင်ဖြင့် စိုက်ကြည့်နေပြီး သူ၏ လက်ချောင်းများမှာလည်း အနည်းငယ်တုန်ယင်နေသည်ကို သတိထားမိလိုက်သည်။

“ဘာဖြစ်လို့လဲ ကိုဉာဏ်လင်း။ ဘာတွေ ဒီလောက်တောင် အလန့်တကြား ဖြစ်နေရတာလဲ” ဟု မောင်ဖိုးသားက တည်ငြိမ်သောအသံဖြင့် မေးမြန်းလိုက်သည်။

ကိုဉာဏ်လင်းက သူ၏ဖုန်းစခရင်ကိုမောင်ဖိုးသား၏ မျက်နှာရှေ့သို့ ထိုးပြရင်း စိုးရိမ်တကြီးဖြင့် ရှင်းပြလေသည်။

“ဒီမှာကြည့်ပါဦး အစ်ကိုရာ။ ကျွန်တော့်ရဲ့ ဘဏ်အကောင့်ထဲကို သံသယဖြစ်ဖွယ် ဝင်ရောက်မှု ရှိနေလို့ ချက်ချင်းအတည်ပြုမပေးဘူးဆိုရင် နောက်ထပ် ၁၅ မိနစ်နေရင် အကောင့်ကို အပြီးအပိုင် ရပ်ဆိုင်းပစ်မယ်ဆိုပြီး Viber ကနေ စာဝင်လာတယ်။ အောက်မှာလည်း ဝင်ပြီး ဖြေရှင်းဖို့ Link တစ်ခု ပါလာတယ်။ အကောင့်ထဲမှာက ကျွန်တော့်ရဲ့ လစာငွေတွေ အကုန်ရှိသေးတာ။ ကျွန်တော် မြန်မြန်လေး အဲဒီလင့်ခ်ထဲ ဝင်ပြီး အတည်ပြုလိုက်ဦးမယ်”

ကိုဉာဏ်လင်းက ပြောပြောဆိုဆိုဖြင့် ဖုန်းစခရင်ပေါ်ရှိ ပြာနှမ်းနှမ်း လင့်ခ်စာကြောင်းလေးကို နှိပ်ရန် လက်ညှိုးရွယ်လိုက်သည်။ ထိုခဏတွင် မောင်ဖိုးသားက ကိုဉာဏ်လင်း၏လက်ကောက်ဝတ်ကို လှမ်းဖမ်းလိုက်ပြီး ပြတ်သားစွာ တားမြစ်လိုက်သည်။

“နေဦး... ရပ်လိုက်စမ်း ကိုဉာဏ်လင်း။ မသိတဲ့ Link တွေကို အလွယ်တကူမနှိပ်ပါနဲ့”ဟု မောင်ဖိုးသားက လေသံမာမာဖြင့် သတိပေးလိုက်သည်။ ထို့နောက် ဖုန်းကို ကိုဉာဏ်လင်း၏ လက်ထဲမှ လှမ်းယူကာ ဝင်လာသော စာတိုကို သေချာစွာ စစ်ဆေးကြည့်လိုက်သည်။

“မင်း ကံကောင်းသွားတယ် ကိုဉာဏ်လင်း။ ဒါ မင်းကို လိမ်ဖို့ ထောင်ချောက်ဆင်နေတာ။ လာ... ငါတို့ နားနေခန်းထဲ ခဏသွားရအောင်။ ဒီအကြောင်းတွေကို မင်းသေချာသိထားမှ ရမယ်။ မဟုတ်ရင် တစ်နေ့ မင်းရဲ့ပိုက်ဆံတွေ အကုန်ပါသွားလိမ့်မယ်” ဟုဆိုကာ ကိုဉာဏ်လင်း၏ ပခုံးကိုဖက်၍ နားနေခန်းဆီသို့ ခေါ်ဆောင်သွားလေသည်။

နားနေခန်းထဲသို့ ရောက်သောအခါ ကော်ဖီဖျော်နေသည့် မမသန္တာက သူတို့နှစ်ဦးကို အကဲခတ်သလို ကြည့်နေသည်။ ကိုဉာဏ်လင်းမှာမူ မျက်နှာငယ်လေးဖြင့် ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ မောင်ဖိုးသားက ကော်ဖီပူပူတစ်ခွက်ကို ယူသောက်လိုက်ရင်း စိတ်အေးလက်အေးဖြစ်စေရန် စကားစတင်လိုက်သည်။

“မင်း သေသေချာချာ စဉ်းစားကြည့်စမ်း ကိုဉာဏ်လင်း။ အခုခေတ်က ဒီဂျစ်တယ်နည်းပညာတွေ တိုးတက်လာတာနဲ့အမျှပေါ့ကွာ... အင်တာနက်၊ မိုဘိုင်းဖုန်းတစ်လုံးရှိရုံနဲ့ ဆက်သွယ်တာ၊ ငွေလွှဲငွေထုတ်လုပ်တာ၊ အွန်လိုင်းကနေ ဈေးဝယ်တာနဲ့ ဝန်ဆောင်မှုအမျိုးမျိုးကို ငါတို့တွေ အလွယ်တကူ သုံးနိုင်လာကြတယ်လေ”ဟု သူက ပတ်ဝန်းကျင်အခြေအနေကို အရင်ရှင်းပြသည်။

“ဒါပေမယ့် ပြဿနာက အဲဒီလို အဆင်ပြေလွယ်ကူလာတာနဲ့အမျှ ဆိုက်ဘာရာဇဝတ်မှုတွေနဲ့ အွန်လိုင်းလိမ်လည်မှုတွေကလည်း ပိုပြီး များလာတယ်”ဟု လေးနက်စွာ ဆက်ပြောသည်။

ကိုဉာဏ်လင်းက နားမလည်နိုင်သေးသည့်ဟန်ဖြင့် ခေါင်းကုတ်ရင်း “ဒါပေမယ့် အစ်ကိုရာ... သူတို့က ဘယ်လိုလုပ်ပြီး ကျွန်တော့်အကောင့်ကို ပိတ်မယ်ဆိုတာ သိနေတာလဲ။ တကယ်များ ပိတ်သွားရင် ဒုက္ခပဲ” ဟု ထပ်မေးပြန်သည်။

မောင်ဖိုးသားက ပြုံးလိုက်ပြီး “သူတို့က မင်းရဲ့အကောင့်အကြောင်းကို ဘာမှသိတာမဟုတ်ဘူးကွ။ ဒီလိမ်တဲ့သူတွေက နည်းပညာကိုသုံးပြီး လူတွေရဲ့ ကြောက်ရွံ့စိတ်၊ လောဘစိတ်နဲ့ အရေးပေါ်အခြေအနေကို အမြန်တုံ့ပြန်ချင်တဲ့ စိတ်ခံစားချက်တွေကို အခွင့်ကောင်းယူကြတာပဲ”ဟု ရှင်းပြသည်။

“အဲဒီလို စိတ်ပိုင်းဆိုင်ရာ အားနည်းချက်တွေကို သုံးပြီး ငွေကြေးတွေ၊ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေနဲ့ အရေးကြီးတဲ့ အကောင့်အချက်အလက်တွေကို ခိုးဖို့ ကြိုးစားလေ့ရှိကြတယ်လေ”

“အခု မင်းဆီကို ရောက်လာတာက အများဆုံး တွေ့ရတဲ့ အွန်လိုင်းလိမ်လည်မှုပုံစံတွေထဲက စာတို ဒါမှမဟုတ် Viber, Telegram တွေကနေတစ်ဆင့် လိမ်တဲ့ပုံစံပဲ” ဟု မောင်ဖိုးသားက ဆက်လက်ရှင်းလင်းသည်။

“ဒီကောင်တွေက ဘယ်လိုလုပ်လေ့ရှိသလဲဆိုတော့ ‘ဆုငွေကြီးပေါက်တယ်’၊ ‘ချေးငွေအတိုးနှုန်းသက်သက်သာသာ ရနိုင်တယ်’၊ ‘သင့်အကောင့်ကို ပိတ်သိမ်းတော့မှာမို့ ချက်ချင်းအတည်ပြုဖို့လိုတယ်’ ဆိုပြီး မက်ဆေ့ချ်တွေပို့ပြီး အတုအယောင်လင့်ခ်တွေကို နှိပ်ခိုင်းတတ်ကြတယ်”ဟု ဆိုကာ ကိုဉာဏ်လင်း၏ အခြေအနေနှင့် တိုက်ဆိုင်ပြသည်။

“အကယ်၍ မင်းသာ စောစောက အဲဒီလင့်ခ်တွေကို နှိပ်မိသွားရင် ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ခိုးယူခံရတာ၊ အကောင့်တွေ ပျောက်ဆုံးတာနဲ့ ငွေကြေးဆုံးရှုံးတာတွေ ကြုံတွေ့ရနိုင်တယ်” ဟု အကျိုးဆက်ကို ရှင်းပြလိုက်သောအခါ ကိုဉာဏ်လင်းမှာ လန့်ဖြတ်သွားပြီး ရင်ဘတ်ကို ဖိကာ သက်ပြင်းချလိုက်လေသည်။

ထိုစဉ် ကော်ဖီခွက်ကို ကိုင်ကာ နားထောင်နေသော မမသန္တာကလည်း ဝင်ရောက်ဆွေးနွေးလာသည်။

“ဟုတ်တယ် ကိုဉာဏ်လင်းရေ။ မမဆိုရင် ပြီးခဲ့တဲ့ လကတင် ဖုန်းဆက်ပြီး အယောင်ဆောင်လိမ်တာမျိုး ကိုယ်တိုင်ကြုံလိုက်ရသေးတယ်” ဟု သူ၏အတွေ့အကြုံကို ဝေမျှလေသည်။ “သူတို့က ဘဏ်ဝန်ထမ်းတို့၊ အစိုးရဌာနတို့၊ ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတွေရဲ့ ဝန်ထမ်းအယောင်ဆောင်ပြီး ဖုန်းဆက်တာ” ဟု ဆိုသည်။

“ဖုန်းထဲမှာ သူတို့ပြောတဲ့ပုံစံက အလွန်ယုံချင်စရာကောင်းတယ်။ ‘သင့်အကောင့်ကို ပြန်ဖွင့်ပေးမယ်’၊ ‘အဆင့်မြှင့်ပေးမယ်’ ဆိုပြီး မမရဲ့ Password တွေ၊ PIN နံပါတ်တွေ၊ OTP ကုတ်တွေကို တောင်းကြတာလေ” ဟု ၎င်းက ရင်ခုန်စွာဖြင့် ပြန်လည်ပြောပြသည်။

မောင်ဖိုးသားက ခေါင်းညိတ်ထောက်ခံရင်း “မမသန္တာပြောတာ အလွန်မှန်ပါတယ်။ အမြဲတမ်း သတိထားရမယ့်အချက်က တရားဝင်ဘဏ်တွေနဲ့ ဝန်ဆောင်မှုအဖွဲ့အစည်းတွေက သုံးစွဲသူရဲ့ Password၊ PIN နဲ့ OTP တွေကို ဖုန်းကနေ ဘယ်တော့မှမတောင်းဘူး”ဟု အလေးအနက်ထား၍ ပြောကြားလိုက်သည်။

“ဒ့ါအပြင် လူမှုကွန်ရက်တွေကနေတစ်ဆင့် လိမ်တာတွေလည်း အများကြီးရှိသေးတယ်” ဟု မောင်ဖိုးသားက ဆက်လက်ဆွေးနွေးသည်။

“ဖေ့စ်ဘွတ်၊ ဘိုက်ဗာ၊ တယ်လီဂရမ်လို လူမှုကွန်ရက်တွေပေါ်မှာ လူသိများတဲ့ကုမ္ပဏီတွေရဲ့ Page အတုတွေ ဖန်တီး၊ ပစ္စည်းတွေကို ဈေးအတော်များများ လျှော့ပြီး ရောင်းချချင်ယောင်ဆောင်တာတွေ၊ အလုပ်အကိုင်ကောင်းတွေ ရနိုင်တယ်ဆိုပြီး ကြော်ငြာယောင်ဆောင်တာတွေနဲ့ လိမ်ကြတာ” ဟု ဆိုသည်။

“အဆိုးဆုံးက ပစ္စည်းဖိုး ငွေကြိုလွှဲခိုင်းပြီးတာနဲ့ Page ကို ပိတ်လိုက်တာ၊ ဆက်သွယ်လို့ မရတော့တာတွေ မကြာခဏဖြစ်တတ်တယ်” ဟု မျက်မှောက်ခေတ်တွင် အဖြစ်များနေသောပြဿနာကို ထောက်ပြသည်။

“နောက်ထပ် သတိထားရမယ့် တစ်ချက်ကတော့ အကောင့်အတုနဲ့ လိမ်တာပဲ”။ “လိမ်တဲ့သူတွေက လူတစ်ယောက်ယောက်၊ အဖွဲ့အစည်းတစ်ခုခု ဒါမှမဟုတ် နာမည်ကြီးတဲ့သူတွေရဲ့ ဓာတ်ပုံနဲ့ နာမည်တွေကိုသုံးပြီး အကောင့်အတုတွေ ဖန်တီးကြတယ်။ အဲဒီနောက် ယုံကြည်မှုရယူပြီး ငွေကြေးအကူအညီ တောင်းတာတွေ၊ ကိုယ်ရေးအချက်အလက်တွေ တောင်းတာတွေနဲ့ တခြားလိမ်လည်မှုတွေ လုပ်တတ်ကြတယ်”ဟု သူ၏ဥပဒေပိုင်းဆိုင်ရာ အသိပညာများကိုပါ ပေါင်းစပ်ကာ ပြည့်စုံစွာ ရှင်းပြလေသည်။

ကိုဉာဏ်လင်းမှာ ထိုစကားများကို ကြားပြီးနောက် ပို၍ပင် စိုးရိမ်စိတ်ဝင်လာကာ “ဒါဆိုရင် ကျွန်တော်တို့က လိမ်တဲ့သူတွေကို ဘယ်လိုခွဲခြားသိနိုင်မလဲ။ ဘယ်အချက်တွေကို အထူးသတိထားသင့်သလဲ အစ်ကို”ဟု မေးမြန်းလာသည်။

မောင်ဖိုးသားက ကော်ဖီခွက်ကို စားပွဲပေါ်တင်လိုက်ပြီး ကိုဉာဏ်လင်း၏ မျက်နှာကို တည့်တည့်ကြည့်ကာ စကားပြန်ဆိုသည်။

“လိမ်တဲ့သူတွေက လူတွေကို အလွယ်တကူယုံကြည်သွားအောင်၊ အလျင်စလို ဆုံးဖြတ်သွားအောင် စိတ်ပိုင်းဆိုင်ရာ နည်းလမ်းတွေကို သုံးလေ့ရှိကြတယ်”ဟု ရှင်းပြသည်။ “အခု ငါပြောမယ့် အခြေအနေတွေ ကြုံလာပြီဆိုရင် လိမ်လည်မှုဖြစ်နိုင်ခြေများတဲ့ လက္ခဏာတွေမို့ အထူးသတိထားသင့်တယ်”ဟု ဆိုကာ အဓိက အချက်သုံးချက်ကို တစ်ခုချင်းစီ ထောက်ပြရှင်းလင်းလေသည်။

“ပထမဆုံး သတိထားရမယ့်အချက်က ချက်ချင်းလုပ်ဖို့ ဖိအားပေးတာပဲ။ ‘အခုချက်ချင်း ငွေလွှဲရမယ်၊ မဟုတ်ရင် အကောင့်ပိတ်မယ်’၊ ‘ဒီနေ့ပဲ အခွင့်အရေးရှိတယ်’ဆိုတဲ့ စကားတွေနဲ့ စဉ်းစားချိန်မပေးဘဲ အမြန်လုပ်ဖို့ ဖိအားပေးလာတာက လိမ်လည်မှုတစ်ခု ဖြစ်နိုင်တယ်”ဟု ဆိုသည်။

“ဒုတိယအချက်က လက်တွေ့မကျတဲ့ မက်လုံးတွေ ပေးတာဖြစ်တယ်”။ “အလုပ်မလုပ်ဘဲ ဝင်ငွေအများကြီးရမယ်လို့ ကတိပေးတာ၊ ကိုယ်မပါဝင်ထားတဲ့ ကံစမ်းမဲကနေ ဆုကြီးပေါက်တယ်လို့ ပြောတာ၊ ဈေးကွက်ပေါက်ဈေးထက် အလွန်သက်သာတဲ့ ဈေးတွေနဲ့ ရောင်းမယ်လို့ ကြော်ငြာတာတွေက သံသယထားပြီး စစ်ဆေးသင့်တဲ့ လက္ခဏာတွေပဲ” ဟု သတိပေးသည်။

“တတိယအချက်ကတော့ ကိုယ်ရေးကိုယ်တာနဲ့ လျှို့ဝှက်အချက်အလက်တွေ တောင်းခံတာပဲ”။ “Password၊ PIN နံပါတ်၊ OTP ကုတ်၊ ဘဏ်အကောင့် အချက်အလက်တွေလို အရေးကြီးတဲ့ ကိုယ်ရေးအချက်အလက်တွေကို ဖုန်း၊ SMS၊ အီးမေးလ် ဒါမှမဟုတ် လူမှုကွန်ရက်တွေကနေ တောင်းခံလာရင် ဘယ်လိုအခြေအနေမျိုးမှာမှ မပေးသင့်ဘူး” ဟု ပြတ်ပြတ်သားသား မှာကြားလေသည်။

ကိုဉာဏ်လင်းက ခေါင်းကိုညိတ်ကာ နားထောင်နေရင်း “ဒါဆိုရင် အွန်လိုင်းလိမ်လည်မှုတွေကနေ ဘယ်လိုကာကွယ်ရမလဲ ဆိုတာကိုပါ တစ်ခါတည်း ပြောပြပေးပါလား အစ်ကို။ ကျွန်တော် ဘာတွေ လုပ်သင့်ပြီး ဘာတွေကို ရှောင်ကြဉ်ရမလဲဆိုတာကို သေချာသိချင်လို့ပါ”ဟု တောင်းဆိုလာသည်။

စာမျက်နှာ ၇ သို့

# အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကိုအခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာ အနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ စက်တင်ဘာလအတွင်း အားကောင်းရာမှ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

**မိုး/ဇလ**




**မစွမ်းသီရိစံ**
**ပထမနှစ်၊ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နည်းပညာကျောင်းသူ**



**မောင်မင်းခန့်ကို**
**မဟာအရည်အချင်းစစ်သင်တန်း၊ ကွန်ပျူတာသိပ္ပံ၊ ဒဂုံတက္ကသိုလ်**




**ဒေါက်တာချစ်စိန်**
**ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်**



**ဦးကိုကိုကျော် (တိုင်းမန်နေဂျာ)**
**တိုင်းအမှတ်(၇)၊ မြန်မာ့မီးရထား**

▲ ရှေ့ဖုံးမှ

ဘူတာစဉ်အတိုင်း ရပ်တန့်ပေးသွားမည်ဖြစ်သည်။

ယနေ့စတင်ပြေးဆွဲသည့် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားခရီးစဉ်တွင် ခရီးသွားပြည်သူများနှင့် ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများ သွားလာရေးပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ပြီး ရထားစီးနင်းမှုများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန် - တိုးကြောင်ကလေး - ဒဂုံတက္ကသိုလ်ရထားခရီးစဉ်ကို လိုက်ပါစီးနင်းခဲ့ကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည် -

**မစွမ်းသီရိစံ**
**ပထမနှစ်၊ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်နည်းပညာကျောင်းသူ**

အရင်ကတော့ ကျောင်းကို ဖယ်ရီနဲ့သွားတာပါ။ ဆီဈေးနှုန်း အခြေအနေကြောင့် ဖယ်ရီခက တဖြည်းဖြည်းနဲ့ ဈေးတက်လာတယ်။ အခု ရထားက ဈေးနှုန်းလည်း သက်သာတယ်၊ မြန်မြန်လည်း ရောက်တယ်။ အဲဒါကြောင့်မို့ ရထားနဲ့ပဲ သွားဖို့ ဆုံးဖြတ်ထားတယ်။ ဒီလို ရထားပြေးဆွဲနိုင်အောင် သေချာပြင်ဆင်ပြီး ဆောင်ရွက်ပေးတဲ့အတွက် အခုလို ကျောင်းသား ကျောင်းသူတွေ ကျောင်းလာရတာ အဆင်ပြေအောင် ပြေးဆွဲပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။

**မောင်မင်းခန့်ကို**
**မဟာအရည်အချင်းစစ်သင်တန်း၊ ကွန်ပျူတာသိပ္ပံ၊ ဒဂုံတက္ကသိုလ်**

ကျွန်တော်က နေ့စဉ် ဘတ်စ်ကားနဲ့ ကျောင်းလာတာပါ။ ဒဂုံတက္ကသိုလ်က အသွားအလာများတဲ့အတွက် ဘတ်စ်ကားနည်းနည်းကျပ်တယ်။ အခု ရထား ပြေးဆွဲလိုက်ပြီဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ဘတ်စ်ကားနဲ့ သွားချင်တဲ့သူက သွားလို့ရသလို ရထားနဲ့ ချောင်ချောင်ချိချိသွားလို့ရတယ်။ ရထားစီးရတာ အဆင်ပြေပါတယ်။ လက်မှတ်ကတော့ ငွေကျပ် ၅၀၀ နှုန်းနဲ့ ရထားလက်မှတ်ဖြတ်တဲ့နေရာမှာ ဝယ်ခဲ့တာပါ။ အချိန်တွေ အများကြီး သက်သာသွားတဲ့အတွက် သက်ရောက်မှုရှိတယ်။ ပိုပြီးတော့ သက်သက်သာသာ ချောင်ချောင်ချိချိနဲ့ သွားလာလို့ရတဲ့အတွက် ရထားပြေးဆွဲပေးတဲ့အပေါ် ဝမ်းသာမိတယ်။

**ဒေါက်တာချစ်စိန်**
**ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်**

အင်မတန်မှ ကောင်းမွန်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေဟာ YBS ကိုသာ အားကိုးပြီး နေ့စဉ်နေ့တိုင်း ကျောင်းအတက်အဆင်းကို ဆောင်ရွက်နေရာကနေ အခုလို မြန်မာ့မီးရထားက အချိန်မှန်စွာ ပြန်လည်ပြေးဆွဲပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေ၊ ကျွန်တော်တို့ ဆရာ ဆရာမတွေ ဝမ်းသာကျေနပ်ကြပါတယ်။

အခုအထိတော့ ကျွန်တော်တို့ ဒဂုံတက္ကသိုလ်မှာ နေ့သင်တန်း ကျောင်းသား ကျောင်းသူအနေနဲ့ ၅၇၇၀ ရှိပြီး အဝေးသင်ကျောင်းသား ကျောင်းသူအနေနဲ့တော့ ၃၅၀၀၀ ကျော်ရှိပါတယ်။ နေ့သင်တန်း ကျောင်းသား ကျောင်းသူတွေ လာမယ့် စက်တင်ဘာလမှာ စာမေးပွဲရှိတယ်၊ အခုလို မီးရထားပြေးဆွဲပေးတဲ့အတွက် စာမေးပွဲလာရောက်ဖြေဆိုမှုအတွက် သွားရလာရတာ ပိုပြီး အဆင်ပြေသွားပါတယ်။ တကယ်လို့များ ကျောင်းသား ကျောင်းသူတွေ ပိုပြီး စီးနင်းလာရင် မီးရထားအနေနဲ့ ထပ်မံတိုးချဲ့ ပြေးဆွဲပေးပါလို့လည်း ကျွန်တော်က မေတ္တာရပ်ခံပါတယ်။

**ဦးကိုကိုကျော် (တိုင်းမန်နေဂျာ)**
**တိုင်းအမှတ်(၇)၊ မြန်မာ့မီးရထား**

မြန်မာ့မီးရထားအနေနဲ့ လက်ရှိ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင် DEMU ရထားခရီးစဉ်တွေ ပြေးဆွဲလျက်ရှိပြီး ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေ ခရီးသွားလာမှု အဆင်ပြေစေဖို့အတွက် ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ပြန်လည်ပြေးဆွဲပေးတာ ဖြစ်ပါတယ်။

ဒဂုံတက္ကသိုလ်ကို ပြေးဆွဲတဲ့အချိန်က အစောဆုံးရထား နံနက် ၆ နာရီ ၁၅ မိနစ် ထွက်ပါမယ်။ ဒုတိယရထား ၇ နာရီ ၄၅ မိနစ် ထွက်ပါမယ်။ တွဲဆိုင်း နှစ်ဆိုင်းနဲ့ ကျွန်တော်တို့ အသွားအပြန် ၁၂ ခေါက် ပြေးဆွဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြေးဆွဲပေးတဲ့ တွဲဆိုင်းတွေက BEL (Battery Electric Locomotive) ဆိုတဲ့ ဘက်ထရီစက်ခေါင်းနဲ့ ပြေးဆွဲပေးတာဖြစ်ပါတယ်။ အဲဒီမှာ တွဲ ခြောက်တွဲပါပြီး တစ်တွဲမှာ ခရီးသည် ၆၂ ဦးနဲ့ ကျောင်းသား ကျောင်းသူ ၄၀၀ နီးပါး လိုက်ပါစီးနင်းနိုင်ပါတယ်။ ရပ်တန့်မယ့် ဘူတာတွေကတော့ ရန်ကုန်ဘူတာကြီးမှ စတင်ထွက်လာမယ်ဆို ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေး၊ ဒဂုံတက္ကသိုလ်တို့ဖြစ်ပါတယ်။ လက်မှတ်ခ နှုန်းထားတွေကတော့ ဘယ်ဘူတာကိုစီးစီး ငွေကျပ် ၅၀၀ ပါ။ မြန်မာ့မီးရထားကနေ ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေ အဆင်ပြေအောင် BEL ဘက်ထရီစက်ခေါင်းနဲ့ ပြေးဆွဲပေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရထားလိုက်ပါစီးနင်းအားပေးကြပါ၊ စီးနင်းတဲ့အခါမှာ ရထားပေါ်မှာ စည်းကမ်းရှိရှိ စီးနင်းခြင်းအားဖြင့် ကူညီပေးကြပါလို့ တိုက်တွန်းအကြံပြုချင်ပါတယ်။

**ကျော်စိုးဝင်း၊ ဓာတ်ပုံ-သီဟ**

စာမျက်နှာ ၆ မှ

"ကောင်းပြီ။ အချက်အလက်တွေကို ကျက်မှတ်နေမယ့်အစား မင်းရဲ့ နေ့စဉ်အလေ့အကျင့်တစ်ခုလို မှတ်ထားလိုက်ပါ။ ကာကွယ်ဖို့ကတော့ PRI-FLOWS ကို သတိရပေါ့။"

PRI-FLOWS ဆိုတာက…

P – Password (စကားဝှက်)။ "စကားဝှက်တွေ သတ်မှတ်တဲ့အခါ လွယ်လွယ်ခန့်မှန်းလို့ရတာတွေ ရှောင်ပြီး ခိုင်ခိုင်မာမာလုပ်ထားဖို့လိုတယ်။"

R – Regular check (ပုံမှန်စစ်ဆေးတာ)။ "နောက်ပြီး ကိုယ့်ဘဏ်အကောင့်ထဲက ငွေအဝင်အထွက်တွေနဲ့လူမှုကွန်ရက်တွေမှာ ဘယ်စက်တွေကနေ ဝင်ထားလဲဆိုတာကို အမြဲပုံမှန်လေး စစ်ဆေးနေဖို့ လိုတယ်နော်။"

I – Inspection (သေချာကြည့်ရှုစစ်ဆေးတာ)။ "အွန်လိုင်းကနေ ဝင်လာတဲ့ အီးမေးလ်တွေ၊မက်ဆေ့ချ်တွေကို အပေါ်ယံပဲ ကြည့်မနေဘဲ တရားဝင် ဟုတ်မဟုတ် သေချာစစ်ဆေးဖို့လည်း လိုသေးတယ်။"

F – File (ဖိုင် / အချက်အလက်များ)။ "ကိုယ်သေချာမသိတဲ့ ဖိုင်တွေကို ဖုန်းထဲ ဒါမှမဟုတ် ကွန်ပျူတာထဲ လွယ်လွယ်နဲ့ ဒေါင်းလုဒ်မလုပ်မိဖို့ အရေးကြီးတယ်။ အဲဒီထဲမှာ ဗိုင်းရပ်စ်တွေ ပါလာတတ်လို့လေ။"

L – Link (လင့်ခ်/ချိတ်ဆက်မှုများ)။ "ဆုကြီးပေါက်တယ်တို့၊ အကောင့်ပိတ်မယ်ဆိုပြီး ခြောက်လှန့်တဲ့ မသင်္ကာစရာ လင့်ခ်မျိုးတွေကို ဆိုရှယ်မီဒီယာတွေကနေ ရလာရင် ဘယ်တော့မှ မနှိပ်ဖို့ အဓိကပဲ။"

O – OTP (တစ်ကြိမ်သုံး စကားဝှက်)။ "ဖုန်းထဲရောက်လာတဲ့ OTP ဂဏန်း ၆ လုံးက ကိုယ့်ရဲ့ နောက်ဆုံး ခံတပ်ပဲကွ။ ဘဏ်ဝန်ထမ်းအစစ်ကတောင် ဘယ်တော့မှ မတောင်းဘူးဆိုတော့ ဘယ်သူလာတောင်းတောင်း လုံးဝမပေးရဘူး။"

W – Wifi (Public Wifi – အများသုံးဝိုင်ဖိုင်)။ "ကော်ဖီဆိုင်တို့၊ လေဆိပ်တို့မှာ ပေးထားတဲ့အခမဲ့ Public Wifi တွေကို သုံးပြီး ဘဏ်အကောင့်ထဲ ဝင်တာမျိုးနဲ့ ငွေလွှဲတာမျိုးတွေ လုံးဝမလုပ်နဲ့၊ ဟက်ကာတွေ ဖြတ်ယူသွားနိုင်တယ်။"

S – Share (မျှဝေတာကို သတိထားဖို့)။ "ကိုယ်ရေးကိုယ်တာ အချက်အလက်တွေနဲ့ နေရပ်လိပ်စာတွေကို ဆိုရှယ်မီဒီယာပေါ်မှာ အလွန်အကျွံ မတင်မိဖို့လည်း သတိထားရမယ်လေ။"

"လုပ်သင့်တဲ့ အချက်တွေအနေနဲ့ဆိုရင်…" ဟု စကာ မောင်ဖိုးသားက ဆက်ပြီး အသေးစိတ် ပြောသည်။

"တကယ်လို့ မသင်္ကာစရာ ဖုန်းခေါ်တာ၊ စာတို၊ မက်ဆေ့ချ်တွေ ရလာရင် ချက်ချင်းမယုံနဲ့။ သက်ဆိုင်သူ၊ ဒါမှမဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ တရားဝင်ဖုန်းနံပါတ်၊ ဝက်ဘ်ဆိုက်၊ Page ကနေတစ်ဆင့် ပြန်ပြီးစစ်ကြည့်ပါ" ဟု အကြံပေးသည်။ "ဒါ့အပြင် ကိုယ်သုံးနေတဲ့ အကောင့်တွေရဲ့ ပတ်စ်ဝပ်တွေကို ခိုင်မာအောင် သတ်မှတ်ထားပြီး ပုံမှန်ပြောင်းပေးနေဖို့လည်း လိုတယ်" ဟုလည်း ထပ်လောင်း ပြောကြားသည်။

"အကောင့်လုံခြုံရေးအတွက် Two-Factor Authentication (2FA) လိုမျိုး လုံခြုံရေးစနစ်တွေကို မဖြစ်မနေသုံးပါ"။ "နောက်ပြီး အွန်လိုင်းကနေ ငွေမချေခင် ရောင်းတဲ့သူနဲ့ ဝန်ဆောင်မှုရဲ့ ယုံကြည်စိတ်ချရမှုကို သေချာစစ်ဆေးပါ"ဟု ဈေးဝယ်ရာတွင် သတိပြုရန်ကိုပါ ထည့်သွင်းပြောဆိုသည်။

"တကယ်လို့ မသင်္ကာစရာကိစ္စတွေ ကြုံလာရင် တစ်ယောက်တည်း ကျိတ်မဖြေရှင်းဘဲ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေ ဒါမှမဟုတ် နည်းပညာနားလည်တဲ့သူတွေနဲ့ တိုင်ပင်ဆွေးနွေးပါ" ဟု လမ်းညွှန်ပေးသည်။

ကိုညာဏ်လင်းမှာ သူ၏ဖုန်းကို ပြန်လည်ကြည့်ရှုရင်း "တော်ပါသေးရဲ့ အစ်ကိုရာ။ ကျွန်တော်လန့်ဖြတ်ပြီး OTP တွေဘာတွေ မရိုက်ထည့်လိုက်မိလို့။ မဟုတ်ရင် ကျွန်တော့်ရဲ့ တစ်လစာ လုပ်အားခလေးတွေ ရေစုန်မျောပြီပဲ"ဟု ပြောဆိုကာ ခုနက ဝင်လာသော မက်ဆေ့ချ်နံပါတ်ကို Report ပြုလုပ်၍ Block လုပ်ပစ်လိုက်လေသည်။

မောင်ဖိုးသားက ကိုညာဏ်လင်း၏ ပခုံးကို ဖွဖွလေးပုတ်ပေးရင်း သတိပေးစကားကို ဆိုလေသည်။

"မှတ်ထားပါ ကိုညာဏ်လင်း။ ဒီဂျစ်တယ်ခေတ်မှာ နည်းပညာတွေက လူမှုဘဝကို ပိုမိုလွယ်ကူစေပေမယ့် အွန်လိုင်းအန္တရာယ်တွေကလည်း တစ်ပြိုင်နက်တည်း တိုးပွားလာနေတယ်"ဟု အသိပေးသည်။ "အွန်လိုင်းလိမ်လည်သူတွေက နည်းပညာအားနည်းချက်တွေကိုတင်မကဘူး၊ လူတွေရဲ့ ယုံကြည်မှု၊ ကြောက်ရွံ့မှုနဲ့ အလျင်စလို ဆုံးဖြတ်ချင်တဲ့စိတ်ခံစားချက်တွေကိုပါ သုံးပြီး လှည့်ဖြားကြတာလေ"ဟု လူ့သဘာဝနှင့် နည်းပညာဆက်စပ်မှုကို ရှင်းလင်းပြသည်။

"ဒါကြောင့် 'မယုံကြည်ခင် စစ်ဆေးပါ။ မနှိပ်ခင် စဉ်းစားပါ။ မမျှဝေခင် သတိထားပါ' ဆိုတဲ့ အလေ့အကျင့်ကောင်းတွေကို မွေးမြူထားတာက အွန်လိုင်းလိမ်လည်မှုတွေကနေ ကာကွယ်ဖို့ အရေးကြီးဆုံး လုံခြုံရေးကာကွယ်မှုပဲ" ဟု မောင်ဖိုးသားက ပြုံးရွှင်စွာဖြင့် ပြောကြားရင်း… "သတိရှိတဲ့ အသုံးပြုသူတစ်ယောက်ဖြစ်တာက အကောင်းဆုံးဆိုက်ဘာကာကွယ်ရေးပဲလေ"ဟု ဆိုကာ စကားဝိုင်းကို အဆုံးသတ်လိုက်လေသည်။

ထို့နောက် မောင်ဖိုးသားသည် သူ၏စာချုပ်စာတမ်းများဆီသို့ ပြန်လည်အာရုံစိုက်ရန် ရုံးခန်းထဲသို့ဝင်သွားပါတော့သည်။ ကိုညာဏ်လင်း တစ်ယောက်ကတော့ ထိုနေ့ သောကြာနေ့ ညနေခင်းအတွက် အလွန်တန်ဖိုးရှိလှသော အွန်လိုင်းလုံခြုံရေး သင်ခန်းစာတစ်ခုကို ရရှိလိုက်သည့်အတွက် သက်ပြင်းချကာ စိတ်အေးချမ်းသာစွာဖြင့် မိမိ၏ အလုပ်ခွင်ဆီသို့ ပြန်လည်ခြေလှမ်းနိုင်ခဲ့ပါတော့သည်။ ။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း**
**(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --------)**
**၁၃၈၈ ခုနှစ်၊ လ ရက်**
**(၂၀၂၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း၊ အငယ်စားစီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်အစွန်းရရှိရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင်ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ ၁၀ ဦး ထက် မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **အငယ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၁၁ ဦးမှ ၅၀ ဦး ထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(င) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြဲတမ်းလုပ်သားဦးရေ အနည်းဆုံး ၅၀ ဦး အထက်မှ ၃၀၀ ဦး ထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁,၀၀၀ ထက် မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(စ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အငယ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ လုပ်ကိုင်သည့် နိုင်ငံသား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့ကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ခွဲတစ်ခုခုကိုလည်းကောင်း ဆိုသည်။

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **အေဂျင်စီ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဋ) **ဒေသဆိုင်ရာအေဂျင်စီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဌ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ရန်ပုံငွေ**ဆိုသည်မှာ ဤဥပဒေအရထူထောင်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်သော ဝန်ကြီးဌာနများကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားဖွဲ့စည်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်း ပါဝင်သည်။

(ဓ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ ဈေးကွက်ဝင်ရောက်ထိုးဖောက်နိုင်ပြီး ပိုမိုအသုံးဝင်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုကို ဆိုသည်။

(န) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါအခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ပ) **ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာန** ဆိုသည်မှာ ချေးငွေဆိုင်ရာသတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးခွင့်ရထိုက်မှုကို အကဲဖြတ်သုံးသပ်ရေးဆိုင်ရာသတင်းအချက်အလက်များ စုစည်းနိုင်ရန်နှင့် စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသောဌာနကို ဆိုသည်။

(ဖ) **အစပျိုးစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းစတင်တည်ထောင်သည့်နေ့မှ သက်တမ်းခုနစ်နှစ်အတွင်းရှိသော နည်းပညာကိုအခြေပြုသည့် သို့မဟုတ် ဆန်းသစ်တီထွင်ဖန်တီးမှုကိုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ဗ) **အွန်လိုင်းကုန်သွယ်မှုစနစ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရယူဆောင်ရွက်လိုသည့် စားသုံးသူများထံသို့ အင်တာနက် ကွန်ရက်၊ ဒီဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ချိတ်ဆက်ရောင်းဝယ်မှုပြုခြင်းကိုဆိုသည်။

(ဘ) **အများနှင့်အကျိုးဝင်သောစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အများပြည်သူအတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သည့်ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း စသည့်စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျှော့နည်းစေရန်၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အခြေခံမူများ

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း၏ အခက်အခဲများကို လျှော့နည်းစေရန်လည်းကောင်း လိုအပ်သည့် အကြံဉာဏ်ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများချမှတ်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားရေးဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေး စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် ကုန်စည်များထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေအသုံးပြုရေး ဆောင်ရွက်ခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(ဈ) အများနှင့်အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ငွေကြေးထောက်ပံ့ခြင်း၊ လိုအပ်သောအကြံဉာဏ်များပေးခြင်းနှင့် မူဝါဒများချမှတ်ခြင်း။

**အခန်း (၄)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယသမ္မတများ | ဒုတိယဥက္ကဋ္ဌများ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၄) | စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) | ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ် (၃)နှင့် ပုဒ်မခွဲငယ် (၄) တို့ပါ အဖွဲ့ဝင်များအနက် သင့်လျော်သူအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကိုလိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါအခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ် သည့်လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကိုအကျိုးရှိရှိထိရောက်စွာအသုံးချရေး နည်းပညာ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေး အတွက် ဆက်စပ်ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများ နှင့်အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

**အခန်း (၅)**

**လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၇။ ဗဟိုကော်မတီသည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ | အဖွဲ့ဝင် |
| (၅) | အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) | အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ | အဖွဲ့ဝင် |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက် သင့်လျော်သူများကို အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လုပ်ငန်းကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင် ရန် လိုအပ်သောသတင်းအချက်အလက်များကို စုဆောင်းသုံးသပ်ပြီး ဗဟိုကော်မတီသို့ တင်ပြ ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝ အလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များ ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက် ပေးခြင်း၊

(ဂ) ဈေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့် စွာ ချိတ်ဆက်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင်လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာအကြံပြုချက်များရယူရန် ပြည်တွင်း၊ ပြည်ပအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ရရှိလာသော အကြံပြုချက်များကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများ သို့ ဖြန့်ဖြူးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာသုတေသန ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဌ) လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြ ခြင်း၊

(ဍ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှု ဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၆)**

**အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဦးဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့်အေဂျင်စီကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်း ရမည်။

၁၀။ ဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများဆောင်ရွက်ရန်နှင့် အေဂျင်စီ၏လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် ဦးစီးဌာနသီးခြား ဖွဲ့စည်းထားရမည်။ အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အေဂျင်စီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီသို့တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝ အလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီ ဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာ ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် သင်တန်းများပေး ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့်ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရရှိစေရေး အတွက် ငွေကြေးမဟုတ်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး လုပ်ငန်းကော်မတီသို့တင်ပြခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပစီးပွားရေး လုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

*စာမျက်နှာ ၁၀ သို့*

စာမျက်နှာ ၉ မှ

(ဋ) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အချင်းချင်းယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဌ) လုပ်ငန်းကြီးများက ဈေးကွက်လက်ဝါးကြီးအုပ်ခြင်း (Monopoly) မပြုရန် ကာကွယ်ခြင်း၊

(ဍ) လုပ်ငန်းကြီးများက အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိစေရန် ကာကွယ်ခြင်း၊

(ဎ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဏ) အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော အဖွဲ့အစည်းများက ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် အကျိုးအမြတ်ခွဲဝေရာတွင် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း၊ လျှို့ဝှက်သဘောတူညီချက်များဖြင့် ဈေးကွက်ကန့်သတ်ခြင်း (Collusive Agreements) နှင့် မမျှတသော စာချုပ်ပါစည်းကမ်းချက်များ (Unfair Contract Terms) အား အတင်းအကျပ်လက်ခံစေခြင်း မပြုနိုင်ရေး ကာကွယ်ခြင်း၊

(တ) အသေးစား၊ အလယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေး အတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ထ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စိစစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ဒ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်းသတ်မှတ်ပေးခြင်း၊

(ဓ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(န) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ ဖော်ဆောင်ရန်တို့အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း၊

(ပ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း တစ်မျိုးမျိုးသည် အသေးစားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလယ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ၊ အလယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလတ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်တိုးတက်သည့်နေ့မှစ၍ သုံးနှစ်အထိ မူလစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဖ) ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဗ) အွန်လိုင်းပလက်ဖောင်း (Online Platform) သို့မဟုတ် ဒီဂျစ်တယ်ဈေးကွက် (Digital Marketplace) များသည် ၎င်းတို့၏ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရောင်းအဝယ်အချက်အလက်များအား အလွဲသုံးစားပြု၍ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးမပြုနိုင်ရေးနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများက ကောက်ခံသည့် ဝန်ဆောင်ခများအား အလွန်အကျွံမဖြစ်စေရေး ကာကွယ်ခြင်း၊

(ဘ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ လုပ်ငန်းလျှို့ဝှက်ချက် (Trade Secrets) နှင့် မိရိုးဖလာအသိပညာ (Traditional Knowledge) များအား ခိုးယူခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အတုအပပြုလုပ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၂။ (က) အေဂျင်စီသည် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာအေဂျင်စီများအား သင့်လျော်သောဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ဒေသဆိုင်ရာအေဂျင်စီသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ခံရမည်။

### အခန်း (၇)

### ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ လုပ်ငန်းကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီက ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သူ အပါအဝင် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၁၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရန်၊ လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အသုံးစရိတ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပ ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကူအညီရရှိငွေ၊ အလှူရှင်များ လှူဒါန်းငွေနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးမှုခံယူခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခြင်း၊

(င) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော အဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ ထုတ်ချေးပေးသော အထူးချေးငွေတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ အတိုးမဲ့ဖြစ်စေ၊ သက်သာသည့်အတိုးနှုန်းဖြင့်ဖြစ်စေ ထုတ်ချေးပေးသော ချေးငွေတစ်ရပ်ရပ်ကိုလည်းကောင်း ရရှိနိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊

(ဆ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးငွေမဟုတ်သည့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ကျခံသုံးစွဲခြင်း၊

(ဇ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေရရှိရန်နှင့် ပြန်လည်ပေးဆပ်ရာမလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

(ဈ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၁၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

### အခန်း (၈)

### လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၁၇။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အလယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား နှစ်စဉ်ဘဏ္ဍာနှစ်အတွင်း ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊

(ဇ) အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးလုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

(ဈ) ပုဒ်မခွဲ (က)မှ (ဇ)အထိ သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် နှစ်စဉ်အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့် အများပြည်သူသိရှိနိုင်စေရန် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

### အခန်း (၉)

### တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်နှင့် လုပ်ငန်းတာဝန်များ

၁၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၁၉။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် ဒေသဆိုင်ရာအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို သက်ဆိုင်ရာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပေးရမည်။

### အခန်း (၁၀)

### သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၁။ အေဂျင်စီသည် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်–

(က) ဈေးကွက်၊ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်းနှင့် သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်နှင့် အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်ခြင်း၊

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

(ဂ) ပြည်တွင်း၊ ပြည်ပဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ် ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ ရယူပံ့ပိုးပေးခြင်း။

**အခန်း (၁၁)**

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း**

၂၂။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှုမြင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်–

(က) သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာနည်းပညာ အကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများ တည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရန် ပြိုင်ပွဲများကျင်းပပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး အတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

**အခန်း (၁၂)**

**သုတေသနလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် နည်းပညာများလွှဲပြောင်းပေးခြင်း**

၂၃။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်–

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စွန့်ဦးတီထွင်မှုများ ပေါ်ထွန်းလာရေး သုတေသနလုပ်ငန်းများမှ နည်းပညာအသစ်များရရှိစေရန် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခြင်း၊

(ခ) သုတေသနလုပ်ငန်းများမှရရှိသော နည်းပညာအသစ်များကို စီးပွားဖြစ်အကောင်အထည်ဖော်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေးဆောင်ရွက်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများအတွက်လိုအပ်သော အဆင့်မြင့်ဓာတ်ခွဲခန်းများ၊ ကိရိယာများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် သင်တန်းများကို ပံ့ပိုးပေးခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနကွန်ရက်ပလက်ဖောင်းများ၊ သုတေသနဌာနများ ဖွဲ့စည်းတည်ထောင်ပြီး နည်းပညာ၊ ဗဟုသုတများနှင့် အတွေ့အကြုံများဖလှယ်နိုင်ရေး ပံ့ပိုးပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့်သုတေသနဆိုင်ရာ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ (Technology & Research Advisory Service) ပေါ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက နည်းပညာသစ်များအသုံးပြု၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း။

**အခန်း (၁၃)**

**ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်း**

၂၄။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်–

(က) ပို့ကုန်ဦးစားပေးလုပ်ငန်း ဆောင်ရွက်မှုများကိုအားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်းများကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ဝင်ရောက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

**အခန်း (၁၄)**

**အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း**

၂၅။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်သက်သာခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်–

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သော ကုန်ပစ္စည်းအသစ်ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျနေသော ဒေသတစ်ခုခု၌ သတ်မှတ်ထားသော ဦးစားပေးစာရင်းဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကုန်ချောအမျိုးအစားအသစ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်းပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိပါက လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အခွန်သက်သာခွင့်ပြုခြင်းကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။

**အခန်း (၁၅)**

**စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင်ပညာရေးနှင့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း**

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုများ ဖွံ့ဖြိုးလာစေရေးအတွက် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် –

(က) အခွန်လျှော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများ တည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့် နှုန်းထားဖြင့် ငှားရမ်းပေးခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခက်အခဲများကို အကြံပြုဖြေရှင်းပေးခြင်း၊

(ဃ) စွန့်ဦးတီထွင်မှုရှိသည့်လုပ်ငန်းများအချင်းချင်း အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) စွန့်ဦးတီထွင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အခြေခံပညာကျောင်းများတွင် ထည့်သွင်းသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စွန့်ဦးတီထွင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲပံ့ပိုးပေးခြင်း၊

(ဆ) စွန့်ဦးတီထွင်သည့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပေါ်ထွန်းလာစေရေးနှင့် ဈေးကွက်ဝင်ရောက်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဇ) စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ အသိပညာပေးခြင်းနှင့် ကွန်ရက်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လွယ်ကူသက်သာစေရေးအတွက် လုပ်ငန်းကော်မတီသို့ တင်ပြပေးခြင်း။

**အခန်း (၁၆)**

**အစပျိုးစီးပွားရေးလုပ်ငန်း (Start up Business) များ လုပ်ငန်းစတင်နိုင်ရန် ပံ့ပိုးခြင်း**

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်၍ စီးပွားရေးအရ အလားအလာကောင်းသော လုပ်ငန်းသစ်များ ပေါ်ပေါက်လာစေရန် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် –

(က) လုပ်ငန်းစတင်သည့်နေ့မှ သုံးနှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးပေးသော ဝန်ဆောင်မှုရုံးခန်းနေရာ၊ ပစ္စည်းကိရိယာများကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝအသုံးပြုခွင့်ပေးခြင်း၊

(ဂ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစပျိုးစီးပွားရေးလုပ်ငန်းများ ပြုစုပျိုးထောင်ပေးသည့်စင်တာများ(Incubation Centers) တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊

(ဃ) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်း၊

(င) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရှင်သန်ရပ်တည်နိုင်စေရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်း၊

(စ) အကျိုးတူရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရရှိစေရန်ဖြစ်စေ၊ လုပ်ငန်းသစ်စတင်ရန် ရင်းနှီးမြှုပ်နှံမှု ရရှိစေရန်ဖြစ်စေ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများမှတစ်ဆင့် ရင်းနှီးငွေ ထောက်ပံ့မှုရရှိစေခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေပံ့ပိုးပေးသော ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား အခွန်သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြေလျှော့ပေးမှုများ သို့မဟုတ် အခြားအလားတူသက်သာခွင့်များ ခံစားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) အစပျိုးစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခြင်း။

**အခန်း (၁၇)**

**စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ**

၂၉။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် ဤဥပဒေ၏ အခြေခံမူများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရမည်။

**အခန်း(၁၈)**

**စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေး**

၃၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင်ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သောနည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့် အမြဲတမ်းလုပ်သားဦးရေ၊ နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ **စီးပွားရေးလုပ်ငန်းလုပ်ကိုင်**သူက အေဂျင်စီသို့ သတင်းပေးပို့တင်ပြခြင်း၊ ခွင့်ပြုကာလမပြည့်မီ သုံးလကြိုတင်၍ ပြောင်းလဲမှတ်ပုံတင်ပြီး မူလမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကိုခံယူခြင်း၊

(င) နစ်နာမှုများ၊ စီးပွားရေးဆိုင်ရာအကာအကွယ် ရယူလိုမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအေဂျင်စီမှတစ်ဆင့် အေဂျင်စီသို့တင်ပြခွင့်ရှိခြင်း၊

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိထိရောက်စွာ အသုံးချရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အေဂျင်စီမှတစ်ဆင့် အစိုးရနှင့် အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထောက်ပံ့သည့် ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်း၊ ပြည်ပစီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

**အခန်း (၁၉)**

**မှတ်ပုံတင်ခြင်း**

၃၂။ အေဂျင်စီသည် –

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ် တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် –

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် လုပ်သားများကျန်းမာရေး ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားခြင်း။

၃၃။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာတစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင် ထုတ်ယူခြင်းနှင့် လိုအပ်သော ထောက်ခံချက်များ လျှောက်ထားခြင်းတို့ပြုနိုင်သည်။

၃၄။ အေဂျင်စီသည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် –

(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက် ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ သုံးနှစ်ထက် ကျော်လွန်ခြင်း။

**အခန်း (၂၀)**

**အထွေထွေ**

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာအေဂျင်စီနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၃၆။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၇။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၃၈။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဤဥပဒေအရ အကျိုးခံစားခွင့်များကို ရရှိစေရန် ပုဒ်မ ၃၂ အညီ မှတ်ပုံတင်ပြုလုပ်နိုင်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၉။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၅) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---



## ငဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

ငဝန်တာတမံနိမ့်ကျမှုကြောင့် ရေစီးဝင်လမ်းကြောင်း၏ လက်ယာဘက်ခြမ်းအား နိုင်လွန်ကြိုးပိုက်များဖြင့် ထုပ်ပြီး သဲအိတ်တွဲများချခြင်း၊ ဒဂုန်စာမရီ ရေယာဉ်ကြီးဖြင့် Geobag အိတ်ကြီးများချခြင်း၊ Steel Sheet Pile များ ရိုက်သွင်းခြင်း၊ အလယ်ရေနက်ရေစီးကြောင်းတွင် Split Berge ရေယာဉ်ကြီးဖြင့် Geobag အိတ်ကြီးများချခြင်း၊ လက်ဝဲဘက်ခြမ်းအား Steel Sheet Pile များ၏ နောက်ကျောဘက်တွင် Jumbo Bag များချခြင်း လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ရှိရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး အရှိန်အဟုန်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ငဝန်မြစ်နှင့် ငဝန်တာ နိမ့်ကျရေစီးဝင်သည့်နေရာတို့၏ နေ့စဉ် ရေထုထည်စီးနှုန်းနှင့် မြစ်ကြမ်းပြင် နိမ့်မြင့်အခြေအနေ၊ လိုအပ်သော တည်ဆောက်ရေး လုပ်ငန်းခွင်သုံးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ထပ်မံသယ်ယူမည့် အခြေအနေများကို တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆+၃၀၀ နေရာ၌ မြစ်ရေတိုက်စားမှုကြောင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပထမယာယီပန်းတာ အရှေ့လျှောစောက်အခြေနှင့် အနောက်လျှောစောက်အခြေတွင် သဲအိတ်များထောက်ခြင်း၊ တာတမံကြွံခိုင်မှု အားနည်းသည့် တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြားတွင် အလျားပေ ၃၀၀ တုတ်တန်းရိုက် သဲဖြည့်ခြင်း၏ နောက်ဘက်တွင် သဲအိတ်ဖြင့် အခြေထောက်ခြင်းအား ပိုမိုတောင့်တင်းခိုင်မာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ ဒုတိယယာယီပန်းတာ လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးထွန်း အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁**

အနုပညာအထက်တန်းကျောင်း (ရန်ကုန်) ၏ သက်တမ်းသည် နှစ်ပေါင်း ၇၄ နှစ် ရှိပြီဖြစ်ပြီး ကျောင်းကို စတင်ဖွင့်လှစ်စဉ်က အနုပညာဘာသာရပ်တစ်ခုကိုသာ ဦးစားပေးသင်ကြားရာမှ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်လျော်ညီအောင် ၂၀၁၀ ပြည့်နှစ်တွင် ပန်းချီနှင့် ပန်းချီပန်းပုကျောင်းများကိုပေါင်း၍ အနုပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ယနေ့နံနက်ပိုင်းတွင် အမှတ် (၁၃၁) ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၏ ပြောကြားချက်အရ သိရခြင်း ဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အနုပညာအထက်တန်းကျောင်း (ရန်ကုန်) ၏ ဖွင့်လှစ်သင်ကြားနေမှုများ၊ ထုတ်လုပ်ဌာနစု(ရန်ကုန်)၊ အမျိုးသားဇာတ်ရုံ (ရန်ကုန်) တို့၏ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ပန်တျာဌာနနှင့် ပန်းချီ ပန်းပုဌာနများတွင် တက်ရောက်သင်ယူလျက်ရှိသော ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား ကျောင်းသူများ၏ အနုပညာဘာသာရပ်ဆိုင်ရာ သင်ကြားနေမှု၊ ထုတ်လုပ်ဌာနစု (ရန်ကုန်) ၏ ယိမ်းအကများ လေ့ကျင့်နေမှု၊ မြန်မာ့ရိုးရာကြိုးဆွဲ ရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်းမှ သင်တန်းသားများ၏ သင်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**



## ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် မှာကြား

**နေပြည်တော် စက်တင်ဘာ ၁**

ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က အဆိုပါ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ယနေ့ သွားရောက်ကြည့်ရှုစဉ် မှာကြားသည်။

ထို့ပြင် သတ်မှတ်ထုတ်ပြန်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ အကြီးအကဲများ၏ လမ်းညွှန်မှာကြားချက်များကို ထိရောက်အောင်မြင်အောင် အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး စီမံကိန်းအတွင်းရှိ သစ်ပင်များ စနစ်တကျစိုက်ပျိုးထားရှိမှု၊ ရေရရှိနိုင်ရေးအတွက် ရေဂါလန် (၅၀၀၀၀၀) ဆံ့ ရေလှောင်ကန်၊ ရေတွန်းစက်ရုံနှင့် ရေပိုက်လိုင်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယမန်နေ့ကလည်း ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့တွင် လျှင်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေသည့် စည်ပင်သာယာရေးကော်မတီပိုင်အိမ်ရာဝင်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ ရန်ကုန်-မန္တလေး အမြန်လမ်း ၊ မိုင်တိုင်အမှတ် (၃၅၈/၁-၃) ရှိ ဒုဋ္ဌဝတီတံတားအသစ် တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ခရီးသွားပြည်သူများ တံတားဦး-ပလိပ်လမ်းမှတစ်ဆင့် မန္တလေးမြို့သို့ သွားနေရသည့်အတွက် တံတားအားအမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင် လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးကို ဂရုစိုက်ရန်၊ တံတားတည်ရှိသည့်နေရာသည် ပြင်းထန်သည့် လှုပ်ခါမှုများကြောင့် အစိုင်အခဲမှ ရွံ့စေးကဲ့သို့ ဂုဏ်သတ္တိပြောင်းလဲခြင်း ဖြစ်စဉ်ဖြစ်နိုင်ခြေများသော မြေအမျိုးအစားနေရာဖြစ်၍ လိုအပ်သည့် တွက်ချက်မှုများ၊ စစ်ဆေးမှုများကို အမြဲမပြတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

**ကလေး စက်တင်ဘာ ၁**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးရန် လိုအပ်သည့် အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် ကလေးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် သွားရောက် တွေ့ဆုံဆွေးနွေးသည်။

ချင်းပြည်နယ်အတွင်း ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များရှိ Mobile ဆက်သွယ်ရေးစခန်း သုံးခုအတွက် Mobile ဆက်သွယ်ရေးသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ခဲ့ရာ ယမန်နေ့က ကလေးမြို့သို့ ရောက်ရှိခဲ့ပြီး သက်ဆိုင်မြို့နယ်များကို ဆက်လက်ပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

✳ *ကျောဖုံးမှ*

ထို့ပြင်မူလက စက်တင်ဘာ ၆ ရက်တွင် ယှဉ်ပြိုင်ရန် လျာထားသည့် I.S.P.E FC နှင့် Sagaing United FC တို့၏ ပွဲစဉ်အား စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲသို့ ရက်ပြောင်းလဲကာ Thiha Dipa Stadium ၌ ကျင်းပသွားမည်ဖြစ်သည်။

မူလသတ်မှတ်ထားသော ပွဲစဉ်များဖြစ်သည့် ရန်ကုန်စီးတီးနှင့် ရတနာပုံအသင်းပွဲစဉ်ကို စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် ပဒေသာကွင်း၊ သစ္စာအားမာန်နှင့် ဟံသာဝတီယူနိုက်တက်အသင်းပွဲစဉ်ကို စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် သီဟဒီပကွင်းနှင့် ရှောဝတီယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းပွဲစဉ်ကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် ကျောက်တိုင်ကွင်း၌ ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး**

❑ *ကျောဖုံးမှ*

တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲများတွင် ကျားအသက် (၉) နှစ်တန်း၌ မောင်ဆက်အောင်ဟိန်းက အကောင်းဆုံး ရေကူးသမား တတိယဆုကိုလည်းကောင်း၊ မ အသက် (၁၆) နှစ်တန်း၌ မဖြိုးသက်သခင်အောင်က အကောင်းဆုံး ရေကူးသမား ဒုတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် AQUA KING Myanmar Swimming Club အနေဖြင့် စုစုပေါင်း ရမှတ် ၁၆၂၈ မှတ် ရရှိခဲ့သောကြောင့် ပြိုင်ပွဲဝင် ကလပ်အသင်း ၇၃ သင်းအနက် နိုင်ငံတကာအသင်းလိုက် အဆင့် (၅) ဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-AKST**

❍ *ကျောဖုံးမှ*

အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရှောဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ပိုက်ကျော်ခြင်း (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှောဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ မွန်းလွဲ ၃ နာရီတွင် ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲ အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပင်လောင်းမြို့နယ် လိန်းလီရွာအနီး၌ ပုသိမ်ကြီးမြို့နယ် ကျောက်မီးရွာနေ ဇော်ဇော်အောင် (၅၅) နှစ် မောင်းနှင်ပြီး မဟာအောင်မြေမြို့နယ် ဇော်မင်းရပ်ကွက်နေ ပိုင်သူကျော် (ခ) ပိုင်သူ(၃၁)နှစ် လိုက်ပါလာသော NISSAN DUMP အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၃၄ ဒသမ ၄ သိန်း (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံ) ဖမ်းဆီးရမိသဖြင့် ဇော်ဇော်အောင်နှင့် ပိုင်သူကျော် (ခ) ပိုင်သူတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် စံပါယ်မာဃလမ်းအတိုင်း လမ်းလျှောက်လာသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၅၅)ရပ်ကွက်နေ အောင်မျိုးမင်း (ခ) ကိုမျိုး (၃၈) နှစ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၅၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀၀) ဖမ်းဆီးရမိသဖြင့် အောင်မျိုးမင်း (ခ)ကိုမျိုးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

အာဆင်နယ်အသင်းသည် အဆိုပါနိုင်ပွဲကြောင့် နှစ်ပွဲကစား နှစ်ပွဲနိုင်ရလဒ်ကောင်းပိုင်ဆိုင်ခဲ့ပြီး နည်းပြ မီခေးလ် အာတီတာအတွက်လည်း အာဆင်နယ်အသင်းနည်းပြဘဝ ပရီမီယာလိဂ်ပွဲ ၂၅၀ မြောက်တွင် နိုင်ပွဲရလဒ် ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

### ပထမဆုံးအကြိမ် မှတ်တမ်းဝင်

အက်စ်တွန်ဗီလာအသင်းသည် အဖွင့်ပွဲစဉ် ရှုံးနိမ့်မှုကို ချေဖျက်ရန် အားထားရသည့် မက်ဂင်၊ ဘွန်ဒီယာ၊ ဂျက်ဆင်တို့ဖြင့် ပွဲထွက်လာသော်လည်း အာဆင်နယ်အသင်းဘက်သို့ ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှု အနည်းငယ်သာပြုလုပ်နိုင်ခဲ့ပြီး သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် ဂိုးပေါက်ကန်သွင်းမှု ခုနစ်ကြိမ်ရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုမရှိခဲ့ပေ။ ယင်းမှာ အိမ်ကွင်းဗီလာပတ်ခ်၌ ပြိုင်ဘက်အသင်းဘက်သို့ ဂိုးပေါက်တည့်မတ်အောင် စွမ်းဆောင်နိုင်မှုမရှိခြင်းမှာ ၂၀၁၆ ခုနှစ် မေလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့အပြင် အက်စ်တွန်ဗီလာအသင်းသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆွမ်ဆီးအသင်းပြီးနောက် ပရီမီယာလိဂ် နှစ်ပွဲတွင် ဂိုးပေါက်တည့်မတ်အောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် ဘရိုက်တန်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော အဖွင့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်းဘက်သို့ ဂိုးပေါက်တည့်မတ်အောင်ပင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။

**အောင်ဇော်**

## အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌအဖြစ် ကန်ဒါမာဆာအို ထပ်မံရွေးချယ်ခံရ

**မနီလာ စက်တင်ဘာ ၁**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ ကန်ဒါမာဆာအိုသည် ငါးနှစ်သက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း အဆိုပါဘဏ်က ပြောသည်။ ၎င်းဘဏ်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်တည်ရှိပြီး အာရှဒေသတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တည်ထောင်ထားခြင်းဖြစ်သည်။

ADB အုပ်ချုပ်ရေးမှူးများအဖွဲ့၏ မဲပေးဆုံးဖြတ်မှုတွင် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူရန် ဂျပန်လူမျိုး ကန်ဒါမာဆာအိုကို တညီတညွတ်တည်း ထောက်ခံခဲ့ကြကြောင်း သိရသည်။ ကန်ဒါသည် ဂျပန်နိုင်ငံ၏ ထိပ်တန်းငွေကြေးဆိုင်ရာ သံတမန်အဖြစ် ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကန်ဒါသည် ADB ၏ ၁၁ ဦးမြောက် ဥက္ကဋ္ဌအဖြစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပထမဆုံးအကြိမ် ရွေးချယ်ခံခဲ့ရပြီး ရာထူးမှ နုတ်ထွက်သွားသည့် ယခင်ဥက္ကဋ္ဌဟောင်း မဆာဆုဂု အာဆာကာဝါ၏ ကျန်ရှိသော သက်တမ်းကာလအတွက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ကန်ဒါ၏ လက်ရှိသက်တမ်းသည် နိုဝင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်ပြီး ယင်းနောက် သက်တမ်းအသစ်စတင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဒုံးပျံလွှတ်တင်မှုနှင့် အာကာသခရီးစဉ်များ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဂျပန်နှင့် အမေရိကန် လက်မှတ်ရေးထိုး

**ဝါရှင်တန် စက်တင်ဘာ ၁**

ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုတို့သည် ပုဂ္ဂလိကကဏ္ဍ ဒုံးပျံလွှတ်တင်မှုနှင့်လူလိုက်ပါအာကာသခရီးစဉ်များကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။



ဝါရှင်တန်ဒီစီရှိ အမေရိကန်ဖက်ဒရယ် လေကြောင်းဦးစီးဌာနတွင် ဩဂုတ် ၃၁ ရက်က ကျင်းပခဲ့သည့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဂျပန်အစိုးရအဖွဲ့ရုံးမှ အကြီးတန်းအရာရှိများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ နားလည်မှု စာချွန်လွှာတွင် အာကာသသို့သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ သတင်း အချက်အလက်များ ဖလှယ်ရန် ဖော်ပြထားသည်။

ထို့အပြင် ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဘေးကင်းရေးစံချိန်စံညွှန်းများကို ဟန်ချက်ညီညီ ညှိနှိုင်းပေါင်းစပ်နိုင်ရေး နည်းလမ်းများကိုလည်း ရှာဖွေသွားမည်ဖြစ်ကြောင်း အဆိုပါ စာချွန်လွှာတွင် ဖော်ပြထားသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ဂျပန်နှင့်အမေရိကန် အာကာသကုမ္ပဏီများ အကြား တစ်နိုင်ငံမှတစ်နိုင်ငံသို့ ဒုံးပျံလွှတ်တင်ရာတွင် ပိုမိုလွယ်ကူလာမည့်အပြင် ဂျပန်နိုင်ငံမှ လူလိုက်ပါ အာကာသယာဉ် လွှတ်တင်ကာ အမေရိကန်သို့ ပြန်လည်ဆင်းသက်ခြင်းကဲ့သို့သော လုပ်ငန်းလည်ပတ်မှုများကိုလည်း ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အာကာသသို့ ပထမဆုံးသွားရောက်ခဲ့သည့် ဂျပန်နိုင်ငံသား အာကီယာမာ တိုယိုဟီရို ကွယ်လွန်

**တိုကျို စက်တင်ဘာ ၁**

တီဗီသတင်းထောက်ဟောင်း အာကီယာမာ တိုယိုဟီရိုသည် အာကာသသို့ ပထမဆုံးသွားရောက်ခဲ့သည့် ဂျပန်နိုင်ငံသားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်ပြီး အသက် ၈၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

၁၉၉၀ ပြည့်နှစ်တွင် ၎င်းသည် ထိုစဉ်က ဆိုဗီယက်ယူနီယံက လည်ပတ်အသုံးပြုနေသည့် Soyuz အာကာသယာဉ်ဖြင့် အာကာသသို့ လိုက်ပါခဲ့ပြီး Mir အာကာသစခန်းတွင် နေထိုင်ခဲ့သည်။

အာကာသထဲမှ ကမ္ဘာမြေကို မြင်ရသည့်အခါ အလွန်လှပကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကြယ်များပြည့်နှက်နေသည့် ကောင်းကင်နှင့် အာကာသ၏ မှောင်မိုက်မှုအပါအဝင် သဘာဝတရားထံမှ ပေးပို့သည့် သတင်းစကားများကို ခံစားမိခဲ့ကြောင်း၊ ထိုအရာများက ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိပြီးနောက် မိမိအနေဖြင့် မည်သို့နေထိုင်သင့်သည်ကို စဉ်းစားမိစေခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## အာဖဂန်၌ ငလျင်လှုပ်ခတ်မှု တစ်နှစ်ပြည့်မြောက်သော်လည်း အိုးအိမ်စွန့်ခွာသူအများစု ရွက်ဖျင်တဲများတွင် နေထိုင်ကြရဆဲဖြစ်

**ကဘူးလ် စက်တင်ဘာ ၁**

အာဖဂန်နစ္စတန်နိုင်ငံ၏ ဒေသအချို့၌ အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုမှာ ဩဂုတ် ၃၁ ရက်တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း အိုးအိမ်စွန့်ခွာပြီး ဘေးလွတ်ရာ တိမ်းရှောင်နေကြရသူအများစုမှာ လက်ရှိအချိန်အထိ ရွက်ဖျင်တဲများတွင် နေထိုင်ကြရဆဲဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ယမန်နှစ် ဩဂုတ် ၃၁ ရက်က ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တာလီဘန်ကြားဖြတ်အစိုးရက ယင်းငလျင်ကြောင့် သေဆုံးသူပေါင်း ၂၂၀၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၃၆၄၀ ရှိသည်ဟု ပြောသည်။ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများက နေအိမ်ပေါင်း ၈၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ပြောသည်။ ငလျင်ဒဏ် အဆိုးရွားဆုံးခံရသည့် ပြည်နယ်မှာ ကူနာပြည်နယ်ဖြစ်သည်။

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အတွက် နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများ လျော့နည်းလာကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရန် ရန်ပုံငွေများ အလွန်အမင်း လိုအပ်လျက်ရှိကြောင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့နေရသူပေါင်း သန်းနှင့်ချီရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ယီမင်၌ အထူးစစ်ဆင်ရေးအတွင်း IS အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ သေဆုံး

**အေဒင် စက်တင်ဘာ ၁**

ယီမင်တပ်ဖွဲ့များနှင့် ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့များ ပူးပေါင်းပြုလုပ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးအတွင်း အစ္စလာမ်မစ်စတိတ် (IS) အကြမ်းဖက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ သေဆုံးခဲ့ကြောင်း ယီမင်အစိုးရက စက်တင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရပိုင် ဆာဘာရုပ်သံက ဗဟိုနိုင်ငံတော်လုံခြုံရေးအေဂျင်စီကို ကိုးကား၍ ဖော်ပြရာတွင် IS အဖွဲ့၏ အကြီးတန်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး အဖွဲ့၏ တရားဝင်ပြောရေးဆိုခွင့်ရှိသူဖြစ်သည့် အဘူ ဟူဒေးဖာ အယ်လ်အန်စာရီသည် စစ်ဆင်ရေးအတွင်း သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

## ဟော်မုဇ်ရေလက်ကြားအကျပ်အတည်း ဖြေရှင်းနိုင်ရေး သံတမန်ရေးကြိုးပမ်းမှုများ ကာတာ အရှိန်မြှင့်

**ဒိုဟာ စက်တင်ဘာ ၁**

ကာတာနိုင်ငံသည် ဟော်မုဇ်ရေလက်ကြား အကျပ်အတည်းကို အလျင်အမြန် ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် သံတမန်ရေးအရ ကြိုးပမ်းမှုများ အရှိန်မြှင့်လုပ်ဆောင်နေကြောင်း စက်တင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါအရေးကို မဖြေရှင်းဘဲ ဆက်လက်ထားရှိပါက အခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်းလည်း ကာတာက သတိပေးခဲ့သည်။

ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန၏ အပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာဂျက် အယ်လ်အန်စာရီက မကြာသေးမီရက်များအတွင်း သံတမန်ရေး ခရီးစဉ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အိုမန်နှင့် ပါကစ္စတန်အပါအဝင် ကာတာ၏ ကြားဝင်ညှိနှိုင်းရေးမိတ်ဖက်နိုင်ငံများနှင့် ဆွေးနွေးမှုများဆက်လက်ပြုလုပ်နေကြောင်း ပြောကြားသည်။

လက်ရှိအချိန်အထိ ကြေညာနိုင်လောက်သည့် တိကျမြင်သာသော ရလဒ်မရရှိသေးသော်လည်း ဆွေးနွေးမှုများနှင့် မကြာသေးမီက ပြုလုပ်ခဲ့သည့် ခရီးစဉ်များမှ ရရှိလာမည့် နောက်ထပ်ရလဒ်များကို လာမည့်ရက်များအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း သံတမန်ရေးကြိုးပမ်းမှုများသည် ဟော်မုဇ်ရေလက်ကြားအခြေအနေ ဖြေရှင်းရေးအပေါ် အဓိကထားခဲ့ကြောင်းလည်း အယ်လ်အန်စာရီက ပြောကြားသည်။



ကာတာနိုင်ငံသည် မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းပြီး ရေလက်ကြား ဖွင့်ထားနိုင်ရေး အာမခံပေးသည့် သံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေကြောင်း၊ ထိုသို့ ဖြေရှင်းနိုင်ပါက ဒေသတွင်းမှ ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်များသို့ ရောက်ရှိနိုင်ရေး၊ ဒေသတွင်းလုံခြုံရေးကို အာမခံနိုင်ရေးနှင့် ဒေသတွင်းပြည်သူများ၏ သာယာဝပြောရေးနှင့် လုံခြုံရေးဆိုင်ရာ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အယ်လ်အန်စာရီက ပြောကြားသည်။

**ဆင်ဟွာ**

## နီပေါ-တရုတ် နယ်စပ်တစ်လျှောက် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၀၀၀ ကျော်အထိ မြင့်တက်

**ခတ္တမန္ဒူ စက်တင်ဘာ ၁**

နီပေါ-တရုတ် နယ်စပ်တစ်လျှောက်ရှိ ဒေသများတွင် ဖြစ်ပွားခဲ့သည့် အကြီးအကျယ် ရုတ်တရက် ရေကြီးမှုကြောင့် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အတည်ပြုထားပြီး ထောင်နှင့်ချီသည့် လူများမှာလည်း ပျောက်ဆုံးနေဆဲဖြစ်သည်။ ထို့အပြင် ပြည်တွင်းနှင့် နိုင်ငံတကာမှ အကူအညီများ အရေးတကြီး လိုအပ်နေကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၁၀၀၃ ဦး သေဆုံးခဲ့ကြောင်း နီပေါအာဏာပိုင်များက အတည်ပြုထားသည်။ ထို့အပြင် နိုင်ငံခြားခရီးသွားများအပါအဝင် လူပေါင်း ၃၉၀၀ ကျော်ကို အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေသူများအဖြစ် သတ်မှတ်ထားသည်။

နီပေါစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀၀၀ ခန့် ဖြန့်ကြက်ချထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အပူတပြင်း ဆောင်ရွက်လျက်ရှိသော်လည်း အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်၌ ဆိုက်ဘာပြစ်မှု ကျူးလွန်သူ ၇၆၆ ဦး ဖမ်းဆီးရမိ

**မနီလာ စက်တင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ဆိုက်ဘာပြစ်မှု အမျိုးမျိုးကျူးလွန်မှုဖြင့် လူ ၇၆၆ ဦးကို ဖမ်းဆီးခဲ့ကြောင်း စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်သည့် ဒေသတွင်းမီဒီယာများ၏ သတင်းများအရ သိရသည်။ အွန်လိုင်းမှ ကုန်ပစ္စည်း ရောင်းချဟန်ပြု၍ လိမ်လည်မှုသည် အများဆုံးတွေ့ရသည့် ပြစ်မှုဖြစ်ကြောင်း သိရသည်။ အဆိုပါ ခုနစ်လတာကာလအတွင်း ဆိုက်ဘာပြစ်မှုများနှင့် ဆက်နွယ်နေသူများထံမှ ပြစ်မှုကျူးလွန်ခံရသူ ၁၄၉ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၈၁ မှုကို ဖော်ထုတ်၍ ပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့၏ ဆိုက်ဘာပြစ်မှုတိုက်ဖျက်ရေးအဖွဲ့ (ACG) က ပြောသည်။

**ဆင်ဟွာ**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယို ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး **လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲ**(လျှောင်၊ လေပြင်း၊ ရေဘေး)နှင့် **Animation ဗီဒီယိုဖန်တီးခြင်းပြိုင်ပွဲ** (မိုးခေါင်ရေရှား၊ မိုးကြိုး၊ အယ်လ်နီညို)တို့အတွက် ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy များကို **၁၅-၉-၂၀၂၆ ရက်နေ့၊ ၁၆:၀၀ နာရီ** နောက်ဆုံးထား၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ အီးမေးလ် myanmareoc.ddm@gmail.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်း ထပ်မံနှိုးဆော်အပ်ပါသည်။

သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မှန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သောအခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ရေးအတွက် အချိန်မီယှဉ်ပြိုင်ပေးပို့ပေးနိုင်ပါရန် တန်ဖိုးထားဖိတ်ခေါ်အပ်ပါသည်။

ဘာသာရပ်ဆိုင်ရာ အချက်အလက်များနှင့် နမူနာလက်ကမ်းစာစောင်များ သိရှိလိုပါက အောက်ပါ QR Code ကို ဖတ်ရှု၍ ရယူသုံးစွဲနိုင်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်အထိအမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ရှစ်ပေခန့်သာ ကျန်ရှိတော့သဖြင့် သုံးပေ နှစ်လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ကိုးလက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ရှစ်ပေရှစ်လက်မခန့်သာ ကျန်ရှိသဖြင့် နှစ်ပေ တစ်လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း၊ ကျုံပျော်မြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ရှစ်ပေတစ်လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေ လေးလက်မခန့်သာကျန်ရှိသဖြင့် ခြောက်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ခုနစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ၁၁ လက်မခန့်သာကျန်ရှိသဖြင့် နှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာများရှိ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက် ကျော်လွန်၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေ အမှတ်သည် ၂၅ ပေ ၇ လက်မသို့ ရောက်ရှိလာပြီး တနင်္သာရီမြို့၏ စိုးရိမ်ရေမှတ် ၁၇ ပေ၊ အထက် ၈ ပေ ၇ လက်မကျော်လွန်ရောက်ရှိကာ အန္တရာယ်ရေမှတ် ၂၄ ပေအထက် ၁ ပေ ၇ လက်မသို့ရောက်ရှိခဲ့ခြင်းကြောင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် ယာယီကယ်ဆယ်ရေးစခန်းခြောက်ခု ဖွင့်လှစ်ထားရှိ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါယာယီကယ်ဆယ်ရေး စခန်းများတွင် ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ အရေးပေါ် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရေး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တနင်္သာရီတပ်နယ် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ထိုသို့တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလပန်းတာ တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြား Bund Slopeအခြေသဲအိတ်ထောက်ခြင်း၊ တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့ (၂)

## သောင်းသိန်းမြတ်(မွေး/ကု)

"ဗျို့...ကိုထွန်းမောင်ကြီး အလုပ်တွေ ကြိုးစားလှချည်လားဗျ"

"ဟုတ်တယ် ဒေါက်တာကြီးရေ။ ဒေါက်တာကြီးနဲ့ ဆိတ်မွေးမြူရေးအကြောင်း တိုင်ပင်ဆွေးနွေးပြီးကတည်းက လုပ်ငန်းအကောင်အထည်ဖော်ဖို့ ခြံ စ ,ဆောက်နေတာလေ။ ဒါနဲ့ ဘယ်ကလှည့်လာတာလဲ"

"ဟိုဘက်ရွာက ကိုသာလှရဲ့ နွားပြာစိမ်းမကြီးကို မေထုန်မဲ့ သားစပ်ပေးပြီး ကိုထွန်းမောင်ကြီးကို သတိရလို့ လှည့်ဝင်လာခဲ့တာဗျ"

"ဟန်ကျလိုက်တာ ဒေါက်တာကြီးရာ။ ပြီးခဲ့တဲ့ အခေါက်က ဆက်ဆွေးနွေးပေးမယ်ဆိုတဲ့ မွေးမြူနည်းစနစ်တွေနဲ့ အစာရေစာကျွေးမွေးခြင်း နည်းစနစ်တွေကို ဆက်ဆွေးနွေးပေးပါဦး။ ဒီမှာ ပဲကြီးလှော်နဲ့ ထန်းလျက်ခဲလေးလည်း သုံးဆောင်ပါဦး။ ရေနွေးကြမ်းလေးလည်း အမောပြေ သောက်ပါဦးခင်ဗျာ"

"တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတိုင်းမှာ မွေးမြူမယ့်နေရာဒေသရဲ့ ရာသီဥတုအခြေအနေနဲ့ မွေးမြူမယ့် တိရစ္ဆာန်အမျိုးအစားရယ်၊ အစာရရှိနိုင်မှုတွေ အပေါ်မှာမူတည်ပြီး သင့်တော်တဲ့ မွေးမြူနည်းစနစ်တွေနဲ့ မွေးမြူကြဖို့ လိုအပ်တယ်ဗျ။ ဆိတ်မွေးမြူရေးမှာလည်း မွေးမြူမယ့်ဒေသရဲ့ ရာသီဥတုအပေါ်မူတည်ပြီး စနစ်သုံးမျိုးနဲ့ မွေးမြူနိုင်ပါတယ်။ အဲဒီစနစ်တွေကတော့

**ခြံလှောင်စနစ်။** မွေးမြူမယ့်ဒေသဟာ မိုးများလွန်းတဲ့ အရပ်ဒေသနဲ့ ရာသီဥတု အလွန်အေးတဲ့ ဒေသတွေမှာ ခြံလှောင်စနစ်ကို အသုံးပြုကြတယ်။ ဒီစနစ်ရဲ့ အဓိက အရေးကြီးတဲ့အချက်တွေကတော့ တိရစ္ဆာန်တွေကို အရွယ်အစားခွဲခြားပြီး မွေးမြူမယ်၊ အစာရေစာ လုံလောက်စွာ ကျွေးမွေးနိုင်ရမယ်၊ သင့်တော်တဲ့နေရာ အကျယ်အဝန်း ရှိစေရမယ်ဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

**တစ်ဝက်လွှတ်ကျောင်းစနစ်။** ဆိတ်မွေးမြူရေးအတွက် အသင့်တော်ဆုံးကတော့ တစ်ဝက်လွှတ်ကျောင်းစနစ်ပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်ကျောင်းခြင်းဟာ ဆိတ်တင်းကုပ်သန့်ရှင်းမှုကို စနစ်တကျ ပြုလုပ်နိုင်ပြီးတော့ သင့်တင့်တဲ့ အစာကိုလည်း စားကျက်ကနေ ရရှိနိုင်တဲ့အတွက် အစာနုကျွေးမွေးဖို့ အကုန်အကျသက်သာနိုင်ပါတယ်။ လွှတ်ကျောင်းခြင်းဖြင့် ဆိတ်တွေရဲ့ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဆိတ်တင်းကုပ်ကို ညဖက်အိပ်ဖို့အတွက်သာ အသုံးပြုပြီး ရေတိုက်၊ အစာကျွေးခြင်းတွေကို ဆိတ်တင်းကုပ်နဲ့ ဆက်လျက်လွှတ်ထားပေးခြင်းဖြင့် ဆိတ်တွေအတွက် အကောင်းဆုံး မွေးမြူပေးနိုင်မှုပဲ ဖြစ်တယ်လို့ ဆိုရမှာပါဗျာ။

**လွှတ်ကျောင်းစနစ်။** လွှတ်ကျောင်းတာက လေကောင်းလေသန့်ရရှိနိုင်တယ်။ ဆိတ်တွေရဲ့ ကျန်းမာရေးအတွက် ပြည့်စုံစေတယ်။ သင့်တင့်တဲ့ အစာအာဟာရကိုလည်း စားကျက်မှ ရရှိစားသုံးနိုင်တယ်။ ဒါပေမယ့် လွှတ်ကျောင်းနိုင်တဲ့ ရာသီဥတုမျိုးဖြစ်ဖို့တော့ လိုအပ်ပါတယ်ဗျာ။ လွှတ်ကျောင်းမယ့်ဒေသဟာ မိုးမများလွန်းဖို့လည်း အရေးကြီးပါတယ်။ အေးတဲ့အရပ်ဒေသတွေမှာဆို ဆိတ်တွေကို လွှတ်ကျောင်းထားနိုင်ပေမယ့် မိုးရေထဲမှာ လွှတ်ကျောင်းထားဖို့ မဖြစ်နိုင်ပါဘူး။ ဆိတ်တွေ ညအိပ်တဲ့အခါ နွေးနွေးထွေးထွေး အိပ်စက်အနားယူနိုင်ဖို့အတွက် ဘယ်ဆိတ်မွေးမြူရေးစနစ်မှာမဆို ဆိတ်တင်းကုပ်လေးတော့ ဆောက်လုပ်ပေးထားဖို့ လိုအပ်ပါတယ်ခင်ဗျာ"

"တိရစ္ဆာန်မွေးမြူရာမှာ မွေးမြူနည်းစနစ်မှန်ကန်ဖို့နဲ့ သင့်လျော်တဲ့အဆောက်အအုံ ဆောက်လုပ်မွေးမြူဖို့ဟာ အထူးအရေးကြီးပါတယ်။ အထူးဂရုပြုရမှာကတော့ ဆိတ်တွေဟာ အအေးမိလွယ်တတ်တယ်၊ လေစိမ်းတိုက်ခတ်ခြင်း၊ အဆောက်အအုံအတွင်း သန့်ရှင်းမှုမရှိခြင်း၊ အခင်းစိုစွတ်ခြင်းများ ဖြစ်နေပါက ဆိတ်တွေမှာ အဆုတ်ရောဂါဝင်တတ်ပါတယ်။ မွေးမြူသူတွေအနေနဲ့ ခြံသန့်ရှင်းရေး၊ အခင်းခြောက်သွေ့ရေး၊ အဆောက်အအုံ နွေးထွေးလုံခြုံရေးတို့ကို အလေးထားလိုက်နာဆောင်ရွက်သွားမယ်ဆိုရင် ဆိတ်မွေးမြူရေးဟာ မုချအောင်မြင်စေမှာ ဖြစ်ပါတယ်ခင်ဗျာ"

**"ကျေးဇူးတင်ပါတယ်။** ထန်းလျက်ခဲလေး မြုံ့ပြီး ရေနွေးကြမ်းလေးသောက်လိုက်ပါဦး။ ပြီးမှ ဆိတ်တွေအတွက် အစာရေစာကျွေးမွေးခြင်းလေး အကြောင်း ဆက်ပြောပေးပါဦးခင်ဗျာ"

"ဆိတ်တွေဟာ မြက်၊ သစ်ရွက်၊ သစ်ခေါက်၊ ချုံပင်၊ ဆူးပင် စတဲ့အစာမရွေးဘဲ စားတတ်ကြလို့ ဆိတ်စာအတွက် ပူစရာမလိုဘူးလို့ အကြမ်းဖျင်းယူဆနိုင်ပေမယ့် ထုတ်လုပ်မှုနှုန်း မြင့်မားစေဖို့အတွက် အစာရေစာကို စနစ်တကျ ကျွေးမွေးတတ်ဖို့ လိုအပ်လှပါတယ်။ ဒါမှသာ ခန္ဓာကိုယ် ကျန်းမာဖွံ့ဖြိုးပြီး ရောင်းချတဲ့အခါမှာ သင့်လျော်တဲ့ အကျိုးအမြတ်ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဆိတ်တွေကို အစာကျွေးရာမှာ အခုပြောမယ့် အခြေခံအချက်တွေကိုလည်း ထည့်သွင်းစဉ်းစားပြီး လိုက်နာဖို့လိုပါတယ်။

ဘယ်အစာမျိုးကို ကျွေးသည်ဖြစ်စေ အစာခွက်အတွင်းမှာရှိတဲ့ အစာဟောင်းတွေကို ဖယ်ရှားသန့်စင်ပြီးမှသာ အစာအသစ် ထည့်ကျွေးရပါမယ်။

ဆိတ်တွေရဲ့ သဘာဝအရ အစာဝတဲ့အခါမှာ ကျန်တဲ့အစာတွေကို ဖျက်ဆီးတတ်ကြလို့ မွေးမြူရေးသမားတွေအနေနဲ့ ဆိတ်တွေဝလောက်တဲ့ အစာကိုသာ ချင့်ချိန်ကျွေးသင့်ပါတယ်။

ဆိတ်တွေကို အချိန်မှန်မှန် အစာကျွေးခြင်းဖြင့် ခံတွင်းကောင်းစေပြီး အစာကို မက်မောစွာ စားစေနိုင်ပါတယ်။

> **"တိရစ္ဆာန်မွေးမြူရာမှာ မွေးမြူနည်းစနစ် မှန်ကန်ဖို့နဲ့ သင့်လျော်တဲ့ အဆောက်အအုံ ဆောက်လုပ်မွေးမြူဖို့ဟာ အထူးအရေးကြီးပါတယ်။ အထူးဂရုပြုရမှာကတော့ ဆိတ်တွေဟာ အအေးမိလွယ်တတ်တယ်၊ လေစိမ်းတိုက်ခတ်ခြင်း၊ အဆောက်အအုံ အတွင်း သန့်ရှင်းမှုမရှိခြင်း၊ အခင်းစိုစွတ်ခြင်းများ ဖြစ်နေပါက ဆိတ်တွေမှာ အဆုတ်ရောဂါဝင်တတ်ပါတယ်။ မွေးမြူသူတွေအနေနဲ့ ခြံသန့်ရှင်းရေး၊ အခင်း ခြောက်သွေ့ရေး၊ အဆောက်အအုံ နွေးထွေးလုံခြုံရေးတို့ကို အလေးထားလိုက်နာ ဆောင်ရွက်သွားမယ်ဆိုရင် ဆိတ်မွေးမြူရေးဟာ မုချအောင်မြင်စေမှာဖြစ်"**

ဆိတ်ကို အစားကျွေးမှုဟာ အဓိကအားဖြင့် အသက်ရှင်ရပ်တည်နိုင်ရေးနဲ့ ထုတ်လုပ်မှုအတွက် ကျွေးမွေးရခြင်းသာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုဆိုတာကတော့ နို့နဲ့ အသား၊ သားရေထုတ်လုပ်မှုအတွက် လုံလောက်သော အစာကျွေးမွေးမြူဖို့ပဲ ဖြစ်ပါတယ်။"

"ဟုတ်ကဲ့ပါ။ လိုက်နာဖို့အတွက် မှတ်သားနားထောင်လျက်ရှိပါတယ်"

" အဲဒါတွေ ဆောင်ရွက်ပေးဖို့အပြင် ဆက်လက်လုပ်ဆောင်ပေးဖို့ လိုတာတွေကတော့ ဆိတ်ငယ်လေးတွေကို စနစ်တကျ အစာကျွေးမွေးဖို့ လိုအပ်ပါတယ်။ ဆိတ်ငယ်လေး အသက် တစ်လလောက်ရရင် အစာကို စတင်ကျွေးမွေးနိုင်ပါတယ်။ အစာတွေမှာ ဝါကြိတ်ဖတ်၊ ဖွဲကြမ်းနဲ့ ပြောင်းတို့ကို ဆတူရောစပ် ကျွေးမွေးရပါမယ်။ အစာကို တစ်နေ့နှစ်ကြိမ်လောက် ကျွေးမွေးသင့်ပြီး အစာစတင်ကျွေးစတွေမှာ အနည်းငယ်သာကျွေးမွေးပြီး စားလာတာနဲ့အမျှ တဖြည်းဖြည်းတိုး ကျွေးမွေးသင့်ပါတယ်။ အစာစတင်ကျွေးစမှာတော့ တစ်နေ့ ၁၀ ကျပ်သားလောက်ကို နှစ်ကြိမ်ခွဲ ကျွေးမွေးရပါမယ်။ အသက်ခြောက်လလောက် ရောက်ပြီဆိုရင်တော့ တစ်နေ့ကို ၂၀ ကျပ်သားလောက် နှစ်ကြိမ်ခွဲ ကျွေးမွေးနိုင်ပါတယ်။ အစာနုနဲ့အတူ အစာကြမ်းတွေဖြစ်တဲ့ ကောက်ရိုး၊ မြက်ခြောက်တွေကိုလည်း ကျွေးမွေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ဂေါ်ဖီရွက်၊ ဆလတ်ရွက်၊ မုန်ညင်းရွက်၊ ဩဇာရွက်၊ ဆီးရွက်နဲ့ ပိန္နဲရွက်တွေကိုလည်း စနစ်တကျ ကျွေးမွေးဖို့လိုပါတယ် "

"ဆိတ်အတွက် အစာနုကို ဘယ်လိုအမျိုးအစား၊ ဘယ်လိုအချိုးအစားတွေနဲ့ တွဲစပ်ကျွေးသင့်သလဲ ဆိုတာ ပြောပေးပါဦး"

"ကျွန်တော်မှတ်သားသိရှိသလောက်ကတော့ ဆိတ်အစာနုတွေကို ဒေသအလိုက် အစာရရှိနိုင်မှုနဲ့ သန့်ရှင်းလတ်ဆတ်တဲ့ အစာတွေကို အခုပြောပြမယ့် အမျိုးအစားတွေနဲ့ တွဲစပ်ကျွေးမွေးနိုင်ပါသတဲ့"

| စဉ် | အစာအမျိုးအစား(၁) | စပ်စာပါဝင်မှု | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ပြောင်းဖတ်/ဆန်ကွဲ | ၆ ပိဿာ | ၂၇% |
| ၂။ | ကုလားပဲခွံ | ၆ ပိဿာ | ၂၇% |
| ၃။ | ဝါကြိတ်ဖတ် | ၇ ပိဿာ | ၃၂% |
| ၄။ | ဖွဲနု | ၃ ပိဿာ | ၁၄% |
| | စုစုပေါင်း | | ၁၀၀% |

| စဉ် | အစာအမျိုးအစား(၂) | စပ်စာပါဝင်မှု | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ပြောင်းဖတ်/ဆန်ကွဲ | ၄ ပိဿာ | ၃၄% |
| ၂။ | ဖွဲနု | ၄ ပိဿာ | ၃၃% |
| ၃။ | ပဲပုပ်စေ့ဖတ် | ၄ ပိဿာ | ၃၃% |
| | စုစုပေါင်း | | ၁၀၀% |

| စဉ် | အစာအမျိုးအစား(၃) | စပ်စာပါဝင်မှု | ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | မြေပဲဖတ်/ နှမ်းဖတ် | ၅ပိဿာ | ၃၄% |
| ၂။ | ပြောင်းဖတ်/ဆန်ကွဲ | ၁၀ပိဿာ | ၆၆% |
| | စုစုပေါင်း | | ၁၀၀% |

"ဆိတ်တွေကို ကျွေးမွေးရမယ့် ပမာဏတွေကတော့ ကိုယ်အလေးချိန် ပေါင် ၁၀၀ (၃၅ ပိဿာလောက်) ရှိတဲ့ ဆိတ်တစ်ကောင်အတွက် တစ်နေ့ကို အနည်းဆုံး သစ်ရွက်စိမ်း (အမျိုးမျိုး) ၈၂ ကျပ်သား၊ ကောက်ရိုး(သို့မဟုတ်) မြက်ခြောက် ၈၂ ကျပ်သားနဲ့ အစာနု ၂၇ ဒသမ ၅၀ ကျပ်သား(တစ်ပေါင်) ကျွေးမွေးသင့်ပါတယ်။ မှတ်ထားရမှာကတော့ နို့ထွက်နေတဲ့ ဆိတ်မတွေကို ထွက်ရှိတဲ့ နို့အလေးချိန်ရဲ့ သုံးပုံ တစ်ပုံလောက် အစာနုထပ်ဆောင်းပြီး ကျွေးမွေးသင့်ပါတယ်။ အလားတူပဲ အသားတိုးနဲ့ ကြီးထွားမှုအတွက်ကို အစာနုကို အထက်က ပမာဏထက် တစ်ဆခွဲခန့် တိုးကျွေးဖို့လိုပါတယ်။

"ဆိတ်တွေကို ရေတိုက်ဖို့အတွက် ဆက်ပြောပြပေးပါဦးမယ်။ ဘယ်တိရစ္ဆာန်ကိုမဆို စနစ်တကျ ရေတိုက်ကျွေးပေးဖို့ လိုအပ်ပါတယ်။ သန့်ရှင်းပြီး ကြည်လင်တဲ့ရေကို တိရစ္ဆာန်တိုင်း ကြိုက်နှစ်သက်ကြတယ်။ ဒ့ါအပြင် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု အစာကြေညက်မှုတို့အတွက် ရေက အရေးတကြီးလိုအပ်လှတယ်။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ရေလိုအပ်ချက် ပြောင်းသွားပေမယ့် ဆိတ်တစ်ကောင်အတွက် တစ်နေ့လျှင် အနည်းဆုံး သောက်ရေ တစ်ဂါလန် လိုအပ်ပါတယ်။ တစ်ကြိမ်တည်း သောက်ဖို့မဟုတ်ပေမယ့် သောက်လိုတဲ့အချိန်မှာ သောက်နိုင်ဖို့ စနစ်တကျ စီစဉ်ပေးထားဖို့ လိုအပ်ပါမယ်"

"ကဲ ကိုထွန်းမောင်ရေ။ ပြောပြဆွေးနွေးချိန်လည်း ကြာနေပြီဆိုတော့ နောက်တစ်ခေါက်မှ ဆိတ်တွေ ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ နည်းစနစ်တွေကို ပြောပြဆွေးနွေးပေးပါဦးမယ်။ မြို့ပေါ်ရောက်ရင်လည်း ကျွန်တော်တို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကို လာခဲ့ပါဦး။ ရုံးမှာ ဆိတ်မွေးမြူရေးနဲ့ ပတ်သက်တဲ့ စာအုပ်တွေ အသိပညာပေး လက်ကမ်းစာစောင်လေးတွေ ရွာအတွက် မျှဝေပေးချင်လို့ပါ။"

"အခုလို မျှဝေပြောကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာကြီးခင်ဗျာ။ မြို့ရောက်တဲ့အခါတွေမှာလည်း ဆက်ဆက်လာခဲ့ပါမယ်"ဟု နှုတ်ဆက်စကားပြောကြားရင်း ထွက်ခွာသွားပြီဖြစ်သော ဒေါက်တာကြီး၏ နောက်ကျောပြင်ကိုကြည့်ကာ ပြန်လည်တွေ့ဆုံပါက ဆွေးနွေးပြောကြားလာမည့် ဆိတ်မွေးမြူရေးနှင့် ပတ်သက်သည့် သိကောင်းစရာအထွေထွေ အချက်အလက်များကို သိရှိနိုင်ရန် ငံ့လင့်စောင့်စားနေမိပါတော့သည်။ ။

**PDF Game**
**ဆော့ကစားခြင်းကြောင့်**
**ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် ( ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။



ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

## လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြု (CPA) ဖွင့်လှစ်သင်ကြား

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူများအားလုံး ကျန်းမာရေးနှင့် ညီညွတ်စွာ ကိုင်တွယ်သုံးစွဲနိုင်စေရန်ရည်ရွယ်၍ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ အသိအမှတ်ပြု (CPA) အမှတ်စဉ် (၃၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး ဦးစီးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများက ပို့ချမည့်ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပိုးသတ်ဆေးလက်လီလက်ကားအရောင်းဆိုင်များ၊ ပိုးသတ်ဆေးကုမ္ပဏီများနှင့် ခြင်ဆေးခွေလုပ်ငန်းရှင်တို့၏ ပိုးသတ်ဆေးဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ



လိုက်နာဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ ၁၀ ဦးက စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပို့ချသင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**

## ပျော်ဘွယ်မြို့နယ် GEC သမအသင်းအမှုဆောင်သစ် ရွေးချယ်ပွဲကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် GEC (ပညာရေး) သမဝါယမအသင်းနှင့် ပညာရောင်ခြည် ငွေစုငွေချေး သမဝါယမအသင်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် အသင်းဥက္ကဋ္ဌများ၊ အသင်းသားများတက်ရောက်သည်။



အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်မှုများကိုရှင်းလင်းပြောကြားပြီး အသင်းနှစ်သင်း၏ အစုပေါ်အမြတ်နှင့် စုဆောင်းပေါ်အတိုးငွေကျပ် ၄၄၉ သိန်းအား အသင်းသားကိုယ်စားလှယ်များထံပေးအပ်၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်သစ်များအား ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**

### အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**နောင်တရား စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂၉ ရက်က ကျေးလက်ကျန်းမာရေးဌာန၌ ပြုလုပ်ရာ နောင်တရားပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာဆုယဉ်ကြာက အာဟာရပြည့်ဝသော အစားအစာကျွေးမွေးပေးရန် အသိပညာပေးဟောပြောပြီး ကျေးလက်ကျန်းမာရေးမှူး ဦးနေမျိုးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် မိခင်နှင့်ကလေးငယ်များအား ဗီတာမင်နှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကလေးငယ်များအား ပျော်ပွဲရွှင်ပွဲများနှင့်




ပြိုင်ပွဲများပြုလုပ်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်တက္ကသိုလ်၌ အခွန်အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြော

**မော်လမြိုင် စက်တင်ဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ အခွန်ဥပဒေဆိုင်ရာ အသိပညာဗဟုသုတတိုးပွားစေရန် အခွန်ဥပဒေအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်၌ပြုလုပ်ရာ မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူးနှင့် မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးက တက်ရောက်လာသူများအား အခွန်ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဟောပြောကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ စီးပွားရေးဥပဒေဒီပလိုမာသင်တန်း အပတ်စဉ် (၃) မှ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ ကုံကော်ရောင်းဝယ်ရေး သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကုံကော်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို သုဒဿနဓမ္မာရုံ၌ ယမန်နေ့က ကျင်းပရာ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှုဆောင်သစ်ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းပြီး အသင်းသားများအား အစုအပေါ်အမြတ်များထုတ်ပေးကာ အသင်းသားများ၏ အတည်ပြုချက်ဖြင့် အမှုဆောင်သစ် ငါးဦး ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တိမ်အသင့်အတင့်မှ တိမ်ထူထပ်

**နေပြည်တော် စက်တင်ဘာ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မိုင်းဆတ်မြို့၌ ပညာရေးဌာန(GEC) အရပ်ရပ်ဆိုင်ရာစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

**မိုင်းဆတ် စက်တင်ဘာ ၁**

မိုင်းဆတ်မြို့၌ ပညာရေးဌာန (GEC)သမဝါယမအသင်းလီမိတက်၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်ခြင်းကို ဩဂုတ် ၃၁ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ (အလက-၂)၌ ကျင်းပရာ ဒါရိုက်တာအဖွဲ့၏ ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေး



ရှင်းတမ်းကို စာရင်းစစ် ဒေါ်သူဇာဝင်းနှင့် နှစ်ချုပ်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဒေါ်ဝါဝါဇော်က ဖတ်ကြားကာ သဘာပတိ၏ အတည်ပြုချက်ရယူသည်။

ထို့နောက် အသင်းသားများ၏ စုဆောင်းငွေအပေါ်အတိုးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်က ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူပြီး အမှုဆောင်အသစ်ရွေးချယ် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(မိုင်းဆတ်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၈၉ ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၃၀ ရက်တွင် အမှတ် (၂၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး အောင်အောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ မီးပွိုင့်နှင့် လမ်းညွှန်အမှတ်အသားများ၊ အမြန်နှုန်းကန့်သတ်ချက်များ စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြ



သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

**ဒိုက်ဦး စက်တင်ဘာ ၁**

ဒိုက်ဦးမြို့နယ်ရှိ စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၃၀ ရက်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆောင်ပြီး ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ ဒေသခံပြည်သူများ



စုပေါင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းရာတွင် ဒိုက်ဦးမြို့နယ် ဒရယ်မီးရပ်ကွက်ရွာတန်းရှည် အခြေခံပညာမူလတန်းကျောင်း၊ ဒရယ်မီးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၆) မင်းတဲရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဗိုလ်တဲစု အခြေခံပညာ မူလတန်းလွန်ကျောင်း၊ မြို့သစ်(က) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ပြည်လုံးချမ်းသာ ဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) စသည့်ကျောင်းများကို ကွင်းဆင်းကာ ဆေးဖျန်းခဲ့ကြောင်း သိရသည်။

**စိုးထက်ကျော်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ သမဝါယမနှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ဝါးခယ်မ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ဩဂုတ် ၂၉ ရက်က မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက် (GEC)တို့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပရာ မြတ်ပညာငွေစု ငွေချေးသမဝါယမအသင်းလီမိတက်၏ သဘာပတိနှင့် မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်တူးတူးလွင်တို့က သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အမှုဆောင်အဖွဲ့ ရွေးချယ်ပုံနည်းစနစ်ကို ရှင်းလင်းပြောကြားပြီး အမှုဆောင်နှင့် အသင်းစာရင်းစစ်များအား သတ်မှတ်ချက်နှင့်အညီ အစားထိုးရွေးချယ်တင်မြှောက်ခဲ့သည်။

**ရီရီလွင်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ အိမ်သုံးမီတာများ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်ရေး အသိပညာပေး

**ဝမ်းတွင်း စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ အိမ်သုံးမီတာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website သို့ ဝင်ရောက်၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့က သဲတောဈေးတွင် ဖြန့်ဝေပေးသည်။

အဆိုပါအွန်လိုင်းစနစ်ဖြင့် မီတာများ လျှောက်ထားရာတွင် ဒေသခံပြည်သူများ သိရှိနိုင်ရေး မြို့နယ်လျှပ်စစ်ဝန်ထမ်းများက မီတာလျှောက်



ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး အွန်လိုင်းစနစ်ဖြင့် မီတာများ လျှောက်ထားနည်း အသိပညာလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် **“ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ဝ၉၈၉၉ဝ၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘီးလင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးကယ်ဆယ်ရေး စခန်းလေးခု ဖွင့်လှစ်

**ဘီးလင်း စက်တင်ဘာ ၁**

ဘီးလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ဘီးလင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ရပ်ကွက်/ကျေးရွာ မြေနိမ့်ပိုင်းနေရာရှိ နေအိမ်များ၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

ဘီးလင်းမြစ်ရေသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ဘီးလင်းမြစ်၏ စိုးရိမ်ရေ အမှတ် (၁၀၂၂) စင်တီမီတာအထက် ၁၀၃၀ စင်တီမီတာသို့ ရှစ်စင်တီမီတာ ကျော်လွန်ရောက်ရှိလာသည့်အတွက် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု နှစ်အုပ်စုတို့တွင် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဘေးသင့်ဒေသမှ ပြည်သူများအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ စီစဉ်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များက ယာယီရေဘေးကယ်ဆယ်ရေးစခန်း လေးခုဖွင့်လှစ်၍ အိမ်ထောင်စု ၁၀၆ စု လူဦးရေ ၄၀၄ ဦးတို့အား ပြောင်းရွှေ့နေရာချထားခဲ့ပြီး ဆန်၊ ရေသန့်၊ ကြက်ဥ မုန့်ခြောက်နှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ကူညီနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ခရမ်းစတိုးအထွေထွေစီးပွားရေးလုပ်ငန်းသမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ခရမ်း စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်းစတိုး အထွေထွေစီးပွားရေးလုပ်ငန်း သမအသင်းလီမိတက်၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ခရမ်းစတိုးအသင်းရုံးခန်းမ၌ ကျင်းပရာ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွက် တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာနှစ်ချုပ်စာရင်း၊အကျိုး အမြတ်ခွဲဝေမှု စာရင်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အစုရှယ်ယာရှင် အသင်းသူ အသင်းသားများနှင့် သမအသင်း၏ ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။


**ကိုမင်း(ခရမ်း)**



လယ်ဝေးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပေါင်းလောင်း-အောင်သုခ ကျေးရွာချင်းဆက်လမ်း ၀/၃.၄၈ မိုင်အား ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော် တိုင်းတာဝန်ခံအင်ဂျင်နီယာချုပ် ဦးစိုးစိုးဦးနှင့် တာဝန်ရှိသူများ ဩဂုတ် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



## လက်တွေ့အသုံးချ ရှေ့နေပညာစာအုပ် ထွက်ရှိ




**နေပြည်တော်  စက်တင်ဘာ ၁**

'တရားခွင်ဟူသည် အမှန်တရားတစ်ခုတည်းနှင့် အနိုင်ရသော နေရာမဟုတ်' ဆိုသည့် သဘောသဘာဝကို ဦးမြင့်ဝင်း (ရွှေဘို)က ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြထားသော လက်တွေ့အသုံးချ ရှေ့နေပညာ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။


ရှေ့နေတစ်ယောက်၏ လျှို့ဝှက်ချက်၊ တရားခွင်၏ အလွှာပေါင်းစုံနှင့် ဥပဒေရေးရာ နည်းဗျူဟာများကို လက်တွေ့ကျကျ လေ့လာလိုသူများ အကျိုးများမည့်စာအုပ် ဖြစ်သည်။ ဥပဒေပုဒ်မများကို ကျက်မှတ်ရုံဖြင့် မရနိုင်သော တရားခွင်တွင်း လက်တွေ့အတွေ့အကြုံများနှင့် သက်သေစစ်ဆေးခြင်း၊ လျှောက်လဲချက် ရေးသားခြင်း စသည့် နည်းဗျူဟာများကို စနစ်တကျမီးမောင်းထိုးပြထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဤစာအုပ်တွင် 'အမှုတစ်ခုကို ဆောက်တည်ခြင်း၊ ခုခံချေပခြင်းနှင့် စိတ်ခွတ်ကြံ့ခိုင်မှု ပျိုးထောင်နည်း'၊ 'နှုတ်ရေးပြိုင်ဆိုင်မှုထက် အချက်အလက်နှင့် သက်သေစစ်ဆေးမှု စနစ်တကျပြုလုပ်နည်း'၊ 'လိမ်လည်ထွက်ဆိုချက်များကို ဖော်ထုတ်ရန်နှင့် အမှန်တရားကို အထောက်အထားဖြင့် သက်သေပြနည်း'၊ 'ခိုင်မာသည့် ဥပဒေအကြောင်းပြချက်များဖြင့် တရားသူကြီးအား ဆွဲဆောင်နိုင်သည့် လျှောက်လဲချက် ရေးသားနည်း' အစရှိသည့် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများစွာပါသည်။

ဤစာအုပ် လက်တွေ့အသုံးချ ရှေ့နေပညာ (Applied Lawyering) စာအုပ်သည် ယခင်ထွက်ရှိခဲ့သော "ရှေ့နေပညာနိဒါန်း"စာအုပ်နှင့် "ရှေ့နေပညာ အသုံးချမှတ်စုများ" စာအုပ်တို့ကို စာဖတ်သူများ အလွယ်တကူတစ်ပေါင်းတည်း ဖတ်ရှုနိုင်ရန် ပြန်လည်စီစဉ် ထုတ်ဝေထားခြင်းဖြစ်သည်။ ဥပဒေကျောင်းသားများ၊ အလုပ်သင်ရှေ့နေများ၊ တရားလွှတ်တော်ရှေ့နေများ မဖြစ်မနေဆောင်ထားသင့်ရုံမက ဥပဒေနှင့် တရားစီရင်ရေးအကြောင်းကို အတွင်းကျကျ သိရှိလိုသည့် စာဖတ်သူတိုင်းအတွက် အထူးသင့်လျော်သော ဤစာအုပ်ကို Wisdom House က ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး ငွေကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **သတင်းစဉ်**

## မောင်သံငြိမ်းရေးသားသည့် လုမ္ဗိနီစာအုပ် ဆဋ္ဌမအကြိမ် ထွက်ရှိလာ

**နေပြည်တော်  စက်တင်ဘာ ၁**

"လုမ္ဗိနီ" စာအုပ်သည် စာရေးသူ မောင်သံငြိမ်းက နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ၁၉၉၁ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ရုံးစိုက်ရာ ခတ္တမန္ဒုမြို့မှ (၁၈၂) မိုင်ခန့် ဝေးကွာသော ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ ကိုယ်တိုင်ကိုယ်ကျ အကြိမ်ကြိမ် သွားရောက်ဖူးမြော်ရင်း ရရှိခဲ့သည့် ပီတိဝမ်းမြောက်မှုများနှင့် သမိုင်းဝင် ဆောင်းပါးများကို စုစည်းထားသည်။




စာရေးသူသည် လုမ္ဗိနီသို့ ရောက်ရှိတိုင်း "ဤနေရာတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ဖွားမြင်တော်မူရာ နေရာပါတကား"ဟုအောက်မေ့သတိရကာ ကြည်ညိုသဒ္ဓါတရား ပွားများခဲ့ရသည်။ ထို့ပြင် အခြားနိုင်ငံများမှ ဘုရားဖူးအဖွဲ့ အများအပြားကို တွေ့ရှိရချိန်တွင် မိမိနည်းတူ အမိနိုင်ငံသား ဗုဒ္ဓဘာသာဝင်များကိုလည်း ဤဒေသသို့ ရောက်ရှိဖူးမြော်စေလိုသည့်ဆန္ဒ၊ ကိုယ်တိုင် မရောက်ရှိနိုင်သည့်တိုင် လုမ္ဗိနီအကြောင်းကို သိစေဖတ်စေလိုသည့် စေတနာတို့ဖြင့် စာအုပ်စာတမ်းများကို သွားရောက်လေ့လာကာ ဤစာအုပ်ကို စတင်ပြုစုခဲ့ခြင်းဖြစ်ကြောင်း စာရေးသူက နိဒါန်းတွင် ဖော်ညွှန်းထားသည်။

စာအုပ်တွင် ပါဝင်သော စိတ်ဝင်စားဖွယ်ရာ အချက်အလက်များမှာ နီပေါနိုင်ငံ လုမ္ဗိနီဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများအကြောင်းနှင့် မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူအများ၏ အလှူဒါနဖြင့် လုမ္ဗိနီဒေသတွင် သာသနိကအဆောက်အအုံများ ပေါ်ပေါက်လာစေရန် ဝန်ထမ်းတစ်ဦး၊ ဗိုလ်မြင့်ဦး၊ မောင်သံငြိမ်း ကလောင်တို့ဖြင့် သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များတွင် ထည့်သွင်းဖော်ပြလှုံ့ဆော်ခဲ့သည့် သမိုင်းမှတ်တမ်းများ၊ ဆောင်းပါးများကို ဖတ်ရှုကြရမည်ဖြစ်သည်။


စာအုပ်ကို အကြိမ်ကြိမ် ပြင်ဆင်မွမ်းမံထုတ်ဝေခဲ့ရာ စတုတ္ထအကြိမ်တွင် ရောင်တော်ဖွင့်ဗုဒ္ဓ၏ ဖြစ်စဉ်သမိုင်းတွင် "မဟာသမယသုတ်" ပေါ်ပေါက်စေခဲ့သော အရေးကြီးပြီး ဆက်စပ်နေသည့် "မြတ်ဗုဒ္ဓ၏ ရောဟဏီမြစ်ပေါ်က ငြိမ်းချမ်းရေးတရားတော်" ဆောင်းပါးနှင့် "နီပေါလုမ္ဗိနီနှင့် ဆက်စပ်ဖြစ်စဉ်များ" ဆောင်းပါးတို့ကို ထူးခြားစွာ ထပ်မံဖြည့်စွက်ထားပြီး ပထမအကြိမ် ထုတ်ဝေစဉ်က စာမျက်နှာ ၇၁ မျက်နှာသာရှိရာမှ စတုတ္ထအကြိမ်တွင်မူ စာမျက်နှာ ၁၄၇ မျက်နှာအထိ တိုးလာခဲ့သည်။

မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်တွင် (ဖွား၊ ပွင့်၊ ဟော၊ စံ)ဟူသော သံဝေဇနိယ လေးဌာန ရှိသည့်အနက် စာရေးသူသည် သူတာဝန်ကျရာ "ဖွားမြင်တော်မူရာ" လုမ္ဗိနီဒေသအကြောင်းကို အဓိကပြုစုတင်ပြနိုင်ခဲ့သည်။ စာအုပ်ကို နိုင်ငံတော်အကြီးကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ညွှန်ကြားချက်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာတွင် ပဉ္စမအကြိမ်အဖြစ် ထုတ်ဝေခွင့်ရရှိခဲ့ခြင်း၊ စာရေးသူ အသက် (၈၅)နှစ်အတွင်း ရောက်ရှိချိန်တွင် နောက်ဆုံးအကြိမ်အဖြစ် ဤစာအုပ်ကို စာဖတ်သူများလက်ထဲသို့ အရောက်ပို့ပေးခဲ့ခြင်း ဖြစ်ကြောင်း ယခုအကြိမ် ထုတ်ဝေချိန်တွင် စာရေးသူက ပြောကြားခဲ့သည်။

ဆဋ္ဌမအကြိမ်ထုတ်ဝေသည့် စာအုပ်ကို ငွေပြည်တော်ပုံနှိပ်တိုက်က ပုံနှိပ်ထားပြီး အမှတ် (၄၉၉)၊ ဖ လွှာ(က)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ ဂျူတီစာပေက ထုတ်ဝေထားကြောင်း သိရသည်။

ဤစာအုပ်သည် သံဝေဇနိယ ခရီးသွားမှတ်တမ်း သက်သက်သာမကဘဲ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိထားသင့်သည့် လုမ္ဗိနီဥယျာဉ်တော်ကြီး၏ သမိုင်းကြောင်းကိုလည်းကောင်း၊ မြန်မာတို့၏ သာသနာပြု သမိုင်းမှတ်တိုင်များကို ပါဝင်ပတ်သက်သူကိုယ်တိုင်က ကလောင်အမည် "မောင်သံငြိမ်း"၊ "ဗိုလ်မြင့်ဦး" တို့ဖြင့် အချက်အလက်ကျကျ ရေးသားထားခြင်းကြောင့် သမိုင်းနှင့် သာသနာရေးဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်အဖြစ် ညွှန်းဆိုလိုက်ရပါတော့သည်။ **မြန်မာ့အလင်း**

## အရောင်းအောင်မြင်မှုပညာစာအုပ် ထွက်ရှိ




**နေပြည်တော်  စက်တင်ဘာ ၁**

စာရေးဆရာ ဘရိုင်ယန် ထရေစီ (Brian Tracy) ရေးသားသည့် SALES SUCCESS ဆိုသည့်စာအုပ်ကို စာရေးဆရာ ကြည်ရွှန်းက 'အရောင်းအောင်မြင်မှုပညာ'အမည်ဖြင့် မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။ အရောင်းလောကသို့ ယခုမှ စတင်ဝင်ရောက်လာသူများ၊ နှစ်ပေါင်းအတော်ကြာ အတွေ့အကြုံရှိပြီးသား အရောင်းကျွမ်းကျင်သူများ၊ ဝန်ထမ်းများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးလိုသည့် ကုမ္ပဏီကြီးများအားလုံး အတွက် မဖြစ်မနေဖတ်ရှုရမည့် အဖိုးတန် အရောင်းလမ်းညွှန်စာအုပ်ဖြစ်သည်။


အရောင်းသမားတစ်ဦးကို အခြေခံအဆင့်ကနေ ထိပ်တန်းကျွမ်းကျင်သူအဆင့် ရောက်ရှိသည်အထိ လမ်းညွှန်ပြသပေးမည့် "မြေပုံတစ်ခု" ဖြစ်ပြီး အပိုင်းသုံးပိုင်းဖြင့် စနစ်တကျပြုစုထားသည်။ ပထမပိုင်းသည် 'အတွင်းစိတ်နှင့် အခြေခံအုတ်မြစ်' အပိုင်းဖြစ်ပြီး အရောင်းသမားတစ်ဦးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံစိတ်ခံတ် (Mindset) နှင့် မိမိကိုယ်ကို စီမံခန့်ခွဲမှု (Self-Management)တို့ကို အဓိကထား တည်ဆောက်ပေးမည်ဖြစ်၍ အစပျိုးသူများအတွက် အကောင်းဆုံးတွန်းအား ဖြစ်စေသည်။

ဒုတိယပိုင်းသည် 'မဟာဗျူဟာနှင့် နည်းဗျူဟာ' အပိုင်းဖြစ်၍ ပြိုင်ဘက်များကို ကျော်ဖြတ်နိုင်မည့် အားသာချက်များ၊ ဖန်တီးပုံများ၊ ပရော်ဖက်ရှင်နယ်ဆန်သော အရောင်းမဟာဗျူဟာများ ရေးဆွဲပုံတို့ကို အသေးစိတ်ဆွေးနွေးတင်ပြထားသဖြင့် မိမိ၏ အရောင်း Method များကို အဆင့်မြှင့်တင်ပေးမည်ဖြစ်သည်။ တတိယပိုင်းသည် 'အရောင်းအတတ်ပညာနှင့် ဖောက်သည်ဆက်ဆံရေး' အပိုင်းဖြစ်ပြီး ဖောက်သည်များ၏ စိတ်ကို ဖမ်းစားပုံ၊ ကန့်ကွက်မှုများကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်ပုံ၊ ဖောက်သည်များ တစ်သက်တာ လက်တွဲလာစေရန် သစ္စာရှိမှု(Customer Loyalty) တည်ဆောက်ပုံတို့ကို လက်တွေ့ကျကျ လမ်းညွှန်ထားသည်။

အထူးသဖြင့် 'ကန့်ကွက်မှုများကို ကျွမ်းကျင်လိမ္မာစွာ ဖြေရှင်းခြင်း' အခန်းနှင့် 'ဝယ်သူဖောက်သည်များ တစ်သက်တာ မြဲပါစေ' အခန်းတို့သည် မြန်မာ့ဈေးကွက်လက်ရှိအခြေအနေနှင့် အထူးပင် ကိုက်ညီလှပြီး အရောင်းသမားတိုင်း ဆောင်ထားသင့်၊ သိထားသင့်သော နည်းနာကောင်းများဖြစ်သည်။ ယင်းစာအုပ်ကို Wisdom House စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိထားခြင်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

**သတင်းစဉ်**

## မြေကို ပိုင်ဆိုင်မှု (Title) ရှိသည်ဆိုရာတွင် စာအုပ်ထွက်ရှိ




**နေပြည်တော်  စက်တင်ဘာ ၁**

မြေကို ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးရှုထောင့်နှင့် တရားစီရင်ရေးရှုထောင့်တို့ကနေပြီး ဆရာဦးမောင်မောင်ညွှန့်က ဆွေးနွေးတင်ပြထားသော မြေကို ပိုင်ဆိုင်မှု (Title)ရှိသည်ဆိုရာတွင် စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ဤစာအုပ်တွင် 'Ownership, Title, Tenure တို့၏ ကွဲပြားခြားနားမှုများ'၊ 'ကြေးတိုင်နှင့် မြေစာရင်းတွင် အမည်ပေါက်ခြင်းက Title ကို အမှန်တကယ် အာမခံနိုင်ခြင်း ရှိမရှိ'၊ 'Possession (လက်ရှိထားမှု) နှင့် Title (ပိုင်ဆိုင်မှု)တို့၏ ဥပဒေအရ ကွာခြားချက်'၊ 'မြေခွန်ဆောင်ထားခြင်း၏ ဥပဒေအကျိုးသက်ရောက်မှု'၊ 'အရပ်စာချုပ်ဖြင့် ဝယ်ယူထားသော မြေများအပေါ် တရားရုံးများ၏ သဘောထား'၊ 'အုပ်ချုပ်ရေးအယူအဆနှင့် တရားစီရင်ရေးအယူအဆတို့ အဘယ်ကြောင့် ကွဲပြားနေသည်'တို့ကို မြန်မာဘုရင်များလက်ထက် သမိုင်းအထောက်အထားများ၊ အင်္ဂလိပ်ခေတ် ဥပဒေပြဋ္ဌာန်းချက်များ၊ မြေစာရင်း လက်စွဲများနှင့် ခေတ်အဆက်ဆက် ထွက်ပေါ်ခဲ့သော 'အင်္ဂလိပ်-မြန်မာ' စီရင်ထုံးများကို အခြေခံ၍ စနစ်တကျ လေ့လာတင်ပြထားသည်။

ယခုစာအုပ်သည် မြေယာစီမံခန့်ခွဲသူများ၊ ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေကျောင်းသား ကျောင်းသူများအတွက် တန်ဖိုးရှိသော ရည်ညွှန်းလက်စွဲစာအုပ်တစ်အုပ် ဖြစ်သကဲ့သို့ မိမိ၏ မြေပိုင်ဆိုင်မှုအထောက်အထားများ ဥပဒေအရ မည်မျှခိုင်မာသည်ကို သိရှိလိုသူတိုင်း ဖတ်ရှုသင့်သောစာအုပ်ဖြစ်သည်။ ဤစာအုပ်ကို Wisdom House စာအုပ်တိုက်က ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**အကြိမ်(၉၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် စက်တင်ဘာ လ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ထ - ၁၅၁၅၈၆

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

ဋ - ၄၉၆၁၈၅  ထ - ၇၄၆၄၁၀

ကံထူးရှင်(၂)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဋ - ၃၉၂၃၉၁  စ - ၉၀၁၅၁၁
ဆ - ၆၀၅၉၈၄

ကံထူးရှင်(၃)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဂ - ၃၂၆၉၄၀  ဓ - ၆၁၂၀၀၉
က - ၄၁၉၂၃၉  ဓ - ၇၂၉၈၄၃

ကံထူးရှင်(၄)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ဆ | ၁၁၃၇၅၈ | ဃ | ၄၃၀၇၂၂ |
| ဒ | ၂၂၅၆၂၉ | ထ | ၅၂၂၂၃၆ |
| ဒ | ၃၈၃၇၅၆ | ည | ၈၁၀၇၂၆ |
| င | ၃၉၂၈၃၆ | ပ | ၈၁၄၂၂၇ |
| ဃ | ၄၀၅၂၆၅ | ထ | ၈၄၃၈၁၅ |
| င | ၄၂၆၀၆၂ | တ | ၉၈၈၇၅၀ |
| ခ | ၄၃၀၈၄၃ | | |

ကံထူးရှင်(၁၃)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ည | ၁၃၂၈၅၉ | ဏ | ၂၇၇၉၆၈ | ဈ | ၄၇၀၇၇၄ |
| ဂ | ၁၄၆၅၂၆ | ပ | ၃၀၇၁၁၁ | ဍ | ၆၀၂၆၃၇ |
| ဋ | ၁၇၆၁၃၆ | ည | ၃၂၀၈၀၅ | ဏ | ၇၁၇၇၅၇ |
| ဂ | ၁၈၄၃၄၉ | င | ၃၇၆၅၁၁ | ပ | ၈၁၁၅၁၄ |
| ထ | ၁၉၄၈၀၆ | က | ၄၃၆၃၇၁ | ထ | ၈၇၅၀၀၀ |

ကံထူးရှင်(၁၅)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ည | ၁၃၁၈၀၆ | င | ၂၀၃၇၅၀ | ဋ | ၆၃၆၀၉၅ |
| ဆ | ၁၃၄၅၄၀ | ဈ | ၃၇၆၀၂၇ | ထ | ၆၆၆၆၂၀ |
| ဒ | ၁၄၃၁၀၄ | ဌ | ၄၅၅၉၇၄ | ခ | ၇၆၄၈၈၃ |
| ဃ | ၁၄၄၂၆၃ | ဌ | ၄၅၈၉၅၁ | တ | ၈၃၃၇၆၅ |
| က | ၁၆၂၅၃၅ | ဓ | ၄၆၀၇၉၃ | ဂ | ၉၈၂၈၁၄ |

ကံထူးရှင်(၁၅)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| င | ၁၀၀၁၇၄ | ဌ | ၆၁၇၁၄၆ |
| ဒ | ၁၃၃၁၆၁ | စ | ၆၄၀၅၂၃ |
| စ | ၁၅၄၁၇၆ | က | ၆၅၇၄၁၁ |
| ဍ | ၂၅၇၀၃၉ | င | ၇၀၉၇၈၄ |
| ဋ | ၂၇၀၅၃၂ | ဂ | ၉၁၇၀၇၉ |
| ဌ | ၄၀၇၁၆၅ | ဋ | ၉၁၉၀၆၅ |
| တ | ၅၃၅၃၀၃ | တ | ၉၄၉၆၀၆ |
| ဌ | ၅၃၆၁၆၃ | ထ | ၉၆၄၁၉၆ |
| ဌ | ၅၈၇၇၂၈ | ထ | ၉၆၈၁၃၃ |
| ည | ၅၈၈၄၂၉ | | |

ကံထူးရှင်(၁၉)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| စ | ၂၁၄၄၁၄ | ခ | ၄၄၆၀၆၂ | ဌ | ၇၁၇၃၆၀ |
| က | ၂၄၆၁၆၀ | စ | ၄၄၆၂၃၁ | တ | ၇၂၆၂၁၅ |
| ဏ | ၂၆၀၂၁၂ | ပ | ၄၆၉၇၂၄ | ဃ | ၇၆၁၄၅၇ |
| ပ | ၂၆၆၆၇၅ | ထ | ၅၁၂၁၀၅ | က | ၇၈၀၄၄၈ |
| င | ၂၉၃၅၉၇ | ဈ | ၅၁၇၀၉၀ | စ | ၇၈၈၃၂၀ |
| တ | ၃၅၉၂၂၁ | ဌ | ၅၂၃၁၅၄ | ဆ | ၇၉၈၁၈၅ |
| က | ၃၈၃၉၆၃ | ဒ | ၆၄၇၂၆၅ | ခ | ၈၀၈၂၉၆ |
| တ | ၃၈၈၂၆၄ | ဃ | ၆၇၀၆၅၂ | ဌ | ၈၁၇၂၄၂ |
| ပ | ၄၃၀၉၀၉ | င | ၆၇၆၆၃၁ | ပ | ၈၆၀၈၆၉ |

ကံထူးရှင်(၂၇)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဏ | ၁၄၇၄၄၄ | ခ | ၄၉၅၄၉၆ |
| ဈ | ၁၉၁၉၇၅ | ပ | ၅၁၂၁၁၂ |
| ဏ | ၂၀၈၆၁၆ | ပ | ၆၃၈၄၅၇ |
| ဆ | ၂၃၈၅၅၂ | ဏ | ၆၇၃၅၆၅ |
| ဋ | ၂၄၁၀၃၉ | ည | ၆၈၈၀၄၄ |
| ဓ | ၃၃၀၆၉၇ | ဂ | ၇၄၁၀၂၀ |
| ထ | ၃၄၅၀၉၈ | ဏ | ၇၇၉၆၁၃ |
| ဈ | ၃၆၉၅၁၅ | ဋ | ၇၈၃၃၅၆ |
| ထ | ၃၇၃၂၃၆ | ထ | ၈၁၅၇၆၄ |
| ဆ | ၃၇၆၅၄၁ | ခ | ၈၅၂၅၂၆ |
| ဓ | ၄၁၅၉၆၅ | ဍ | ၈၅၈၅၈၃ |
| ခ | ၄၄၄၀၀၉ | တ | ၉၂၁၈၁၃ |
| ဒ | ၄၄၆၉၂၆ | ထ | ၉၂၂၉၇၂ |
| တ | ၄၅၀၃၂၉ | ဓ | ၉၆၃၀၅၉ |
| စ | ၄၆၃၁၉၉ | ဈ | ၉၉၃၃၂၃ |

ကံထူးရှင်(၃၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

က - ၁၂၁၄၄  ဆ - ၄၄၂၈၅
ဈ - ၁၂၈၄၅  ဂ - ၈၆၉၉၆
ခ - ၂၇၄၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

င - ၁၀၁၈  ဒ - ၆၇၄၁  ဏ - ၇၂၅၄
ဒ - ၂၉၃၆  ဍ - ၆၈၁၀  ဒ - ၉၄၇၂
ဈ - ၃၈၅၃  ဌ - ၆၈၆၁  ဒ - ၉၇၀၉
က - ၆၀၄၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၉၆၃)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

ဓ - ၁၇၇  ဂ - ၅၄၅  ဌ - ၇၀၆
ဓ - ၂၀၉  ဏ - ၅၇၈  ဋ - ၇၁၇
ဏ - ၄၆၁  ဏ - ၆၉၃  ဋ - ၇၇၈
ဋ - ၄၈၈  က - ၆၉၅  ဂ - ၈၂၆

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၁၈၉၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၉)ယူနစ်

ဃ - ၁၀  က - ၃၀  တ - ၆၅  ထ - ၇၆  ခ - ၉၀
ဍ - ၂၃  ဍ - ၄၈  ဏ - ၇၃  င - ၈၁

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၈၉၀၁၉)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဈ - ၄

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၉၉၁၃၁)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဏ - ၁၀၅၆၄၃  င - ၉၄၄၇၆၆
ဍ - ၈၃၈၇၄၉  ဂ - ၉၉၆၆၅၂

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဃ - ၃၀၀၃၄  ဈ - ၆၁၁၃၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

က - ၁၆၂၀  ခ - ၃၂၉၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

တ - ၂၄၂  ဈ - ၈၆၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် အကြိမ်(၉၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၂၀၃၄၀၆) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၂၀၃၄၀၆) ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၉၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က)အက္ခရာမှ (န)အက္ခရာထိ အက္ခရာ (၂၀)လုံးဖြစ်ပါသည်။

၄။ အကြိမ်(၉၀)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၂-၉-၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၁-၉-၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်းမိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်းမိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ကချင်ပြည်နယ်
## ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့/အစားထိုး တည်ဆောက်ခြင်းလုပ်ငန်း (ပစ္စည်း+လုပ်အား)များအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၃-၉-၂၀၂၆ ရက်မှ ၁၆-၉-၂၀၂၆ ရက်အထိ |
| ၃။ **တင်ဒါတင်သွင်းရမည့်ရက်** | - | ၁၇-၉-၂၀၂၆ ရက် (၉:၀၀ နာရီမှ ၁၅:၀၀ နာရီ) |
| ၄။ **တင်ဒါတင်သွင်းရမည့်နေရာ** | - | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ၊ အစည်းအဝေးခန်းမ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရောရပ်ကွက်၊မြစ်ကြီးနားမြို့။**
ဖုန်း- ၀၉-၄၅၀၀၃၀၀၆၇၊၀၉-၄၄၃၃၄၄၀၇၇၊ ၀၉-၄၀၀၄၆၈၀၅၅

## ၂၄-၈-၂၀၂၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃၀ ပါ ဒေါ်သန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်မြင့်ထွန်း(တရားလွှတ်တော်ရှေ့နေ)၏ တုံ့ပြန်ရှင်းလင်းကြေညာခြင်းအပေါ် မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း၊ (၇) အိမ်တန်း၊ အမှတ်(၃၀/၃)နေ ဒေါ်ချိုချိုဦးနှင့် ဦးတင်မိုးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဒေါ်သန္တာဦး၏လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာချက်တွင် အထူးဂရန် လျှောက်ထားရန်အတွက် ဒေါ်သန္တာဦးမှ မြေရှင်များအား အကြောင်းကြားခဲ့သော်လည်း ကျွန်ုပ်မိတ်ဆွေများဘက်မှ လာရောက်ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည့်အတွက် အထူးဂရန်လျှောက်ထားမှုအဆင်မပြေဖြစ်ခဲ့ရကြောင်း ရှင်းလင်းလာချက်မှာ မှန်ကန်မှုမရှိပါ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(မြို့/မြေ)ဌာနတွင် ပထမအကြိမ် ကျွန်ုပ်မိတ်ဆွေများဘက်က သတင်းစာကြေညာသည့်အချိန်အထိ မြေကွက်တွင် အထူးဂရန်လျှောက်ထားခြင်းကို ဒေါ်သန္တာဦးက မည်သည့်လုပ်ဆောင်မှုကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် ဒေါ်သန္တာဦး၏ရှင်းလင်းကြေညာခြင်းမှာ ဆင်သေကို ဆိတ်သရေဖြင့် ဖုံးသကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းမရှိသောကိစ္စရပ်များကို မမှန်ဖုံးကွယ်၍ ပြန်လည်ရှင်းလင်းလာခြင်းသာဖြစ်ပါသည်။ ထို့ပြင် ဒေါ်သန္တာဦးအနေဖြင့် မြေကွက်၏ ပိုင်ဆိုင်မှုများကို အခြားသူထံပေါင်နှံခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေများလက်ဝယ်၌ အထောက်အထား ခိုင်လုံစွာရှိနေ၍ အမှန်အတိုင်းကြေညာခဲ့ခြင်းဖြစ်သောကြောင့် ကျွန်ုပ်မိတ်ဆွေများဘက်က ယခင်သတင်းစာကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန် အကြောင်းတစ်စုံတစ်ရာမပေါ်ပေါက်ကြောင်း အမှန်အတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ စဉ် - ၁၄၄၀၄ တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၄၈၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊**
**ဗဟန်းမြို့ နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း- ၀၉-၄၂၁ ၀၂၂ ၁၁၊ ၀၉-၄၄၅၇၅၆ ၈၂၁။**

## ဦးတင်မျိုးလွင် (၁၂/မဂတ(နိုင်)၀၄၆၆၂၂) နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပြုံးကြည်၊ (၁၂/မဂတ(နိုင်) ၀၄၅၇၂၉)၊ ဒေါ်ချစ်ချစ်ထွန်း (၁၂/မဂတ(နိုင်)၀၄၅၇၁၇)၊ အမှတ် (၉)၊ (၄) လွှာ၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်နှင့် ဒေါ်သူဇာကျော်၊ (၁၂/မဂတ(နိုင်)၀၄၇၃၄၆)၊ အမှတ် (၃၈)၊ ဒုတိယထပ်၊ အောင်တံခွန်လမ်း၊ ဒေါပုံမြို့နယ်နေထိုင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်မျိုးလွင် (၁၂/မဂတ(နိုင်)၀၄၆၆၂၂)၊ အမှတ်(၆၀)၊ (၉၁) လမ်း၊ ပထမထပ်၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေထိုင်သူနှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ပြုံးကြည်နှင့် မောင်ညီမ ဒေါ်ချစ်ချစ်ထွန်း၊ ဒေါ်သူဇာကျော်တို့နှင့် ဦးလေးနှင့် အဒေါ်တော်စပ်သူများဖြစ်ကြသော အမှတ် (၅၈)၊ ပထမထပ် (ယာ)၊ (၉၁) လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် နေထိုင်ကြသော ဒေါ်လုစိန်နှင့် ဦးပွတ်သီး (ခ) ဦးခင်မောင်ထွေးတို့မှာ (၂၃-၇-၂၀၂၆ ) ရက်တွင် ဒေါ်လုစိန်မှာ ကွယ်လွန်ခဲ့၍ ဦးပွတ်သီး (ခ) ဦးခင်မောင်ထွေးမှာ (၃-၈-၂၀၂၆)ရက်တွင် ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ တူတော်စပ်သူ ဦးတင်မျိုးလွင်မှ ကျန်ရှိသော အမွေဆက်ခံပိုင်ခွင့်ရှိသူ ဆွေမျိုးများအား အသိပေးအကြောင်းကြားခြင်း၊ လုံးဝမရှိဘဲကွယ်လွန်သူများ ပိုင်ဆိုင်သောနေအိမ်မှ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ၊ ကွယ်လွန်သူများ ပိုင်ဆိုင်နေထိုင်သည့် ဒေါ်လုစိန်၊ ဦးမောင်မောင်လေး၊ ဒေါ်မြစိန်၊ ဦးပွတ်သီး (ခ) ဦးခင်မောင်ထွေးတို့ ( ၄ ) ဦးအမည်ပေါက် အမှတ်- (၅၈)၊ ပထမထပ် (ယာ)၊ (၉၁) လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နေအိမ်တိုက်ခန်း၏ မြေဂရန်မူရင်းနှင့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများအား ရယူသွားကြောင်းညွှန်ကြားသိရှိရပါသည်။ ဦးတင်မျိုးလွင်မှသက်ဆိုင်ရာရပ်ကွက် တာဝန်ရှိသူများနှင့် အမွေဆက်ခံပိုင်ခွင့်ရှိသူဆွေမျိုးများအားအသိပေး အကြောင်းကြားခြင်းမရှိဘဲ ၎င်း၏သဘောဖြင့်ရယူသွားခဲ့သောကြောင့် လူကြီးမင်းရယူသွားသော အမွေဆိုင်ပစ္စည်းများ (ရွှေထည် နှင့်တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ တိုက်ခန်း အတွင်းရှိပရိဘောဂပစ္စည်းများ)အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သူများအားလုံး၏ ခွင့်ပြုချက်မရရှိဘဲ မိမိကိုယ်ကျိုးအတွက် ရောင်းချ/ပေါင်နှံခြင်း၊ ပေးကမ်း/လှူဒါန်းခြင်း၊ အာမခံထားရှိခြင်း၊ အမည်ပေါက်ပြောင်းလဲလျှောက်ထားခြင်း၊ အဆောက်အအုံဥပစာအားပြင်ဆင်ခြင်း၊ ပုံစံပြောင်းလဲဆောက်လုပ်ခြင်း စသည်ဖြင့် မပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးတင်မျိုးလွင်နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ပြုံးကြည်၊ ဒေါ်ချစ်ချစ်ထွန်း၊ ဒေါ်သူဇာကျော်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နုနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၃၅၇၄)**
**အမှတ်-၁၄၊ မြေညီ၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၂/၂၀၂၆-၂၀၂၇)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက်အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါ (Open Tendedr)စနစ်ဖြင့် (မြန်မာကျပ်ငွေ)ဝယ်ယူလိုပါ၍ စိတ်ဝင်စားသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအနေဖြင့် လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန်/နေရာ** | - | (၇-၉-၂၀၂၆)ရက်၊ တနင်္လာနေ့ (ရုံးချိန်အတွင်း) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင် |
| (ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - | (၁၆-၉-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့်(၁၂:၀၀)နာရီ |
| (ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - | (၁၇-၉-၂၀၂၆)ရက် (ကြာသပတေးနေ့) နံနက် (၁၀:၀၀)နာရီ |
| (ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ဖျာပုံခရိုင် |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်းဆက်သွယ် မေးမြန်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ဖျာပုံခရိုင်**
**ဖုန်း-၀၉-၄၅၇၆၅၉၃၉၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဖြူးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၀

| | | |
|---|---|---|
| ဒေါ်နေနေဝင်းပြည့် | **နှင့်** | ဦးမျိုးမင်းအောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပအဝိုင်းအနီး၊ အမရာလမ်းနှင့် ပဒုမ္မာလမ်းထောင့်၊ အမှတ်(၇၇)နေ (ဘ) ဦးလှသောင်း ၏သားဖြစ်သူ တရားပြိုင် ဦးမျိုးမင်းအောင်(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နေနေဝင်းပြည့် က "လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၈)ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေထွန်းနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ဖြူးမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅) ရပ်ကွက်၊ (၃၇) လမ်း၊ အမှတ် (၂၀၉)နေ ဦးကိုကိုကြီး (၁၂/ကတတ(နိုင်)၀၃၆၄၇၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၁၇) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ၁/၂ x၅၀) ပေရှိ ရေ၊ မီးအစုံ အပါအဝင် တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဒေါ်ခင်စန်းတင့် (၉/မလန(နိုင်)၁၈၉၀၀၇) ထံမှ (၂၁-၈-၂၀၂၆) ရက်စွဲပါ " နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဦးကိုကိုကြီး (၁၂/ကတတ(နိုင်)၀၃၆၄၇၀)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးငြိမ်းသူ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၂၃၉)**
**အမှတ်-၁၂၂၆၊ ရွှေပြည်သာလမ်း၊ (၃၂) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၉၆၆၈၇၄၈၆၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ် (၆၈၃)၊ ဗဟိုလမ်း၊ ဧရိယာအကျယ်အဝန်း (ပေ ၄၀ x ပေ၆၀)ရှိ ဦးထွန်းဟန် (၁၂/လမန(နိုင်) ၀၆၀၈၃၁) အမည်ပေါက် မြေချပမိစ်(မူရင်း) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင် ဆိုင်အကျိုးခံစားလျက်ရှိပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းမင်း (၅/ကလန(နိုင်)၀၅၆၅၀၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇူလိုင်နှင်း (၆/တသရ(နိုင်)၀၃၀၅၁၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇူလိုင်နှင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းလဲ့လှိုင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ် - ၅၆၇၄၄)**
**Ph-09-5661215**

## ရန်ကုန်အထိုင်လက္ကား မြေဩဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါ မြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၉-၂၀၂၆ရက်မှ ၃၀-၉-၂၀၂၆ ရက်အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

| | |
|---|---|
| (က) ယူရီးယား မြေဩဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် | - ၁၂၀,၀၀၀ ကျပ် |
| ( ခ ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | - ၁၃၈,၀၀၀ ကျပ် |

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင် လက္ကားဈေးနှုန်း လက်ငင်းငွေချေစနစ် ဈေးများဖြစ်ပါသည်။ အဆိုပါဈေးနှုန်းများသည် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များ အပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၃၁၀၀၃၅
(ခ) MFSPEAအသင်း ဖုန်း-၀၉-၉၈၈၅၃၉၃၆၀

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၆)၊ မြရိပ်ညို(၅)လမ်း၊ (၅)ရပ်ကွက်၊ မြေကွက်အမှတ် (၈၈၉+၈၉၀)၊ အကျယ်အဝန်း (၆၀' x ၅၀' )ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးမောင်မောင်အေး (BTHG - ၀၀၆၈၉၂) (၁၂/ဗတထ (နိုင်) ၀၃၀၄၄၂)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၄၅၅)** |

**အခန်းအမှတ်(308) Office Tower (3), Time City,ကျုန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ အထကကျုံဒိုးကျောင်း၊ Grade-7 အတန်းမှ မောင်စိုးမြတ်အောင်၏ မိဘအမည်မှန်မှာ ဦးအောင်ဆန်းစိုး ၃/ကကရ(နိုင်)၂၃၂၉၁၄ နှင့် ဒေါ်မြတ်သူ ၃/ကကရ(နိုင်)၂၉၀၃၈၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဖူးကြီး အထကကျောင်း၊ Grade-12 A မှ မလင်းဇာနည်မြတ်၏ ဖခင် ဦးမိုးဝေ၏ အမည်မှန်မှာ ဦးမိုးဝေသူ ၁၂/မဘန(နိုင်)၁၅၈၀၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ပညာဘဏ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 (Eco)တန်း မှ မောင်ဇန်ဆောင်ဇယ်ခိဏ်းဒိုင်၏ ဖခင်အမည်မှန်မှာ ဦးဒေါင်ဇေ ၁/ဝမန(နိုင်)၀၁၈၇၄၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် အထက ဖူးကြီးကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်နော်ပြုံးကြည် ၁၂/အစန(နိုင်)၀၄၂၅၀၈၏ ဖခင် ဦးဘိုးစိန်နှင့် ဦးစောဘိုးစိန် တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက -နတ်ကြီးချောင်ကျောင်း Grade-9 တန်းမှ မသက်မွန်ဖူး၏ ဖခင်အမည် မှန်မှာ ဦးအောင်ခိုင်စိုး ၁၀/သထန(နိုင်)၂၄၃၀၀၉ ဖြစ်ပါကြောင်း။

**ဦးအောင်ခိုင်စိုး**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ မနောရတနာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 (ဝိဇ္ဇာ)တန်းမှ မအန်ဂျေလားမွန်းမိုင်၏မိဘအမည်မှန်မှာ ဦးဘရန်မိုင် ၁/မစန(နိုင်)၀၂၆၄၅၃ နှင့် ဒေါ်ရွှယ်အောင် ၁/မကန(နိုင်)၁၂၈၆၀၈ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အုန်းပင်ကျေးရွာအုပ်စု၊ ဆားအိုချောင်းကျေးရွာနေ ဦးဝင်းအောင် (၁၄/ဒဒရ(နိုင်)၀၃၀၁၈၅)၊ ဒေါ်မြင့်မြင့်ဌေး (၁၄/ဒဒရ(နိုင်)၁၆၅၁၁၄)တို့၏ သားဖြစ်သူ မောင်အောင်စည်သူဖြိုး(၁၄/ဒဒရ(နိုင်)၁၆၄၉၆၁)သည် မိဘများ၏ သွန်သင်ဆုံးမမှုအပေါ် နာခံခြင်းရှိဘဲ၊ ခွင့်မလွှတ်နိုင်သည့် အပြုအမူများအား အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပြီး နောက်နောင် မောင်အောင်စည်သူဖြိုးနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်သည်ရှိသော် ဦးဝင်းအောင်၊ ဒေါ်မြင့်မြင့်ဌေးတို့နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းအောင်၊ ဒေါ်မြင့်မြင့်ဌေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသန့် (LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၄၈၀၊ သခင်စံရွှေလမ်း၊ ၁၁ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ မနောရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(Eco)တန်းမှ မဂျာဝိုင်၏ မိဘအမည်မှန်မှာ ဦးမနော်တန် ၁/မကတ(နိုင်)၁၀၅၀၉၄ နှင့် ဒေါ်ဆမာရွယ် ၁/မကန(နိုင်)၀၂၁၈၁၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/37089 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၇/ထတပ(နိုင်)၀၂၉၀၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 42W/86926 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီ ၉/ကပတ(နိုင်)၀၂၄၉၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်ဆည်)**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ Grade-12 မှ မောင်ဒေါင်ဒိုင် ၏ အမည်မှန်မှာ မောင်နချိုဒေါင်ဒိုင် ဖြစ်၍ ၎င်း၏ ဖခင်အမည်မှန်မှာ ဦးနချိုခေါင်ဒေါင် ၁/ဝမန(နိုင်)၀၅၆၆၃၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက- မြောက်နဝင်း Grade-12 တွင် ပညာသင်ကြားနေသော မဖူးဖူးအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၅/အရတ(နိုင်)၁၄၈၉၁၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ M Tower 14 လွှာ အမှတ် (14-01,14-04)၊ No (527) တွင် တည်ရှိသော BNK Capital Myanmar Co., Ltd (ကုမ္ပဏီလိုင်စင်အမှတ်-၀၂၀၅/၂၀၁၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

| အမှတ်စဉ် | ရာထူး | Board of Director အဖွဲ့ဝင်များ | | စတင်အကျုံးဝင်သည့် |
|---|---|---|---|---|
| | | ယခင် | ယခု | နေ့ရက် |
| ၁။ | Director | Mr. KYONGHO MOON | Mr. KYONGHO MOON | ၂၀-၇-၂၀၂၆ ရက် (၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်) |
| ၂။ | Director | Mr. SUK YEOP LEE | Mr. SUK YEOP LEE | |
| ၃။ | Director | Mr. YUN SHIK KIM | Mr. WOOCHAN JO | |

Board of Director အဖွဲ့ဝင်များ

BNK Capital Myanmar Co., Ltd

## ဖခင်အမည်မှန်

သာကေတမြို့နယ် ၁/အနော်မာ ရပ်ကွက်နေ မအေးကဗျာ ၁၂/သကတ(နိုင်) ၂၃၉၅၆၂ ၏ ဖခင်အမည်မှန်မှာ ဦးတင်အေး ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၊ ရပ်ကွက်(၄) ကွန်နားလမ်း၊ ဒေါ်နန်းမွန်းခမ်း ၁၃/လလန(နိုင်) ၀၄၈၇၆၁ ၏ ဖခင်ဦးဆန်းမောင် ၁၃/လလန(နိုင်)၀၀၆၀၉၃ နှင့် ဦးပညာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့နယ်၊ ကွန်လုံရွာနေ (ဘ) ဦးစိန်ထွန်း (ခ) တတီး ၏သမီး နန်းမနု ၁၃/ဆဆန(နိုင်)၁၂၀၉၃၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-279849) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၂၅၁၃၆၂

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့၊ အထက (ဝမ်ကန်) Grade-11 မှ မဆုပွင့်ဖြူ၊ အလက (ဆိုင်းလျှံ)၊ Grade-7 မှ ရတနာပွင့်ဖြူ၊ Grade-5 မှ မလင်းလတ်ပွင့်ဖြူ ၏ ဖခင်အမည်မှန်မှာ ဦးဂျာဘီလား ၉/မကန (နိုင်) ၀၅၃၃၀၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W//22670 TVS (DAZZ) 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်လင်းဦး ၉/မတန (နိုင်)၀၉၀၈၃၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/66842 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဇော် ၉/ပကခ(နိုင်)၀၂၇၅၅၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ -၂၀)
## မင်္ဂလာဒုံမြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆

ဦးမျိုးသိန်းလတ် နှင့် ဒေါ်မာချို

တရားလို တရားပြိုင်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဝွေးကုန်းကျေးရွာ၊ အကွက် (၅) ရပ်နေ ဒေါ်မာချို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးသိန်းလတ်က " လင်မယားကွာရှင်းပြတ်စဲပေးစေလို" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ် ) နေ့မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေ ရှင်းလင်းစေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပုံ့ပုံ့အောင်)

ဒုတိယမြို့နယ်တရားသူကြီး (၃)

မင်္ဂလာဒုံမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၀) ရပ်ကွက်၊ ဇေယျာသီရိလမ်းဟု ခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀ပေ)၊ အနံ (၆၀ပေ)ရှိဦးသန်းထွန်းအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်မူရင်းနှင့်တကွ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုရောင်းချသူ ဦးမင်းဆွေ (၅/မကန(နိုင်)၀၅၅၅၈၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မျိုးသူ (၁၂/တမန(နိုင်)၁၁၁၀၇၀) မှ အပြီးအပိုင်ဝယ်ယူရန် (၂၀-၈-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်" ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသဲပိုင် (LL.B, LL.M)၊ အထက်တန်းရှေ့နေ (စဉ် - ၄၅၆၉၈)

အမှတ် ၃(စီ)၊ မြရတနာလမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၈၇၂၄၁၅၀၂၈

## ကန့်ကွက်နိုင်ကြောင်း အများပြည်သူသိရှိနိုင်စေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁/၁(ဂ)နေ၊ ဦးစိုင်းခမ်းမတ်၊ ၁၃/ကတန(နိုင်)၁၂၇၅၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

တာချီလိတ်မြို့၊ တော်ကော့(တွင်း)၊ ဝိန်းကျောက်ရပ်ကွက်ရှိ အလျားပေ (၄၀) x အနံ ပေ (၆၀) အကျယ်အဝန်းရှိပြီး အရှေ့လားသော်-လမ်း၊ အနောက်လားသော်- အိမ်၊ တောင်လားသော်- အိမ်၊ -မြောက်လားသော်- အိမ်ရှိမြေအား ၂၀၁၂ ခုနှစ်တွင် ဦးစိုင်းခမ်းမတ်မှ ဝယ်ယူကာ အထက်ပါမြေပေါ်တွင် တစ်ထပ်တိုက်အိမ် ဆောက်လုပ်ရာ အိမ်အမှတ် (၃၉၉) ဟုခေါ်တွင်လျက်ရှိပြီး၊ ယင်းအိမ်မြေမှာအန္တရာယ်ကင်းစွာ၊ အနှောင့်အယှက်မရှိ၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ၊ ဥပဒေမဲ့ကင်းစွာ ဦးစိုင်းခမ်းမတ်မှ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ ယင်းမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ်တွင်လည်း အကျိုးသက်ဆိုင်ခွင့်ရှိသူ ဖြစ်ပါသည်။ ဖော်ပြပါ လက်ရှိထားပိုင်ဆိုင်သော မြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ရက် (၃၀) အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန်ကွက်မည့်သူရှိပါကလည်း ဥပဒေနှင့်အညီ ရင်ဆိုင်တုန့်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းခမ်းမတ် ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းမြင့် (LL.B, DL-101)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၆၂)

ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့

ဖုန်း-၀၉-၄၄၄၄၀၅၁၅၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ပဲခူးတိုင်းဒေသကြီးရှိ ဘုရားကြီး ကြက်မွေးမြူရေးခြံ (၁၀၁.၉၇) ဧကတွင် ဝက်နှင့်ကြက်မွေးမြူရေးလုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်သော ပြုပြင်မွမ်းမံခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်/ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ခြံ/ စက်ရုံအမည် | ဧက | ငှားရမ်းဆောင်ရွက်မည့် လုပ်ငန်း |
|---|---|---|---|
| (က) | ဘုရားကြီးကြက်မွေးမြူရေး ခြံမြေ | ၁၀၁.၉၇ | ဝက်နှင့်ကြက် မွေးမြူရေး လုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်သော ပြုပြင်မွမ်းမံခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းများ |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား တစ်စောင်လျှင် (၁၀၀၀၀ိ/-) ကျပ်နှုန်းဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးပိတ်ရက်မှအပ ရုံးချိန်အတွင်း လာရောက်ဝယ်ယူ ရရှိနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား ၁၅-၉-၂၀၂၆ ရက်၊ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ၂၀၂၇ ခုနှစ် 'ဟဂ်ျ' လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် 'ဟဂ်ျ'ပြုလုပ်လိုသူများသည် နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး (အမှတ် - ၁၈၄၊ ၃-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်) နှင့် တိုင်းဒေသကြီး/ပြည်နယ်အစ္စလာမ်ဘာသာရေးအဖွဲ့ခွဲရုံးများတွင် ၃-၉-၂၀၂၆ ရက်မှ ၁၈-၉-၂၀၂၆ ရက်အထိ ရုံးချိန်အတွင်း လျှောက်လွှာပုံစံများကို တစ်ဦးလျှင် ကျပ်တစ်ထောင်နှုန်းဖြင့်ရယူဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူဦးရေသည် ခွင့်ပြုအရေအတွက်ထက် ကျော်လွန်ပါက အများရှေ့မှောက်တွင် မဲစနစ်ဖြင့် စနစ်တကျမဲဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၃။ ယခုနှစ် 'ဟဂ်ျ' အတွက် ကုန်ကျစရိတ်မှာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၄၅၀၀) ကို ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းရှိသူများ ဖြစ်ရမည်။

၂၀၂၇ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့

**နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများ၊**
**တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးခွဲများ၊**
**ဖုန်း-၀၉ -၅၁၆၂၆၀၃၊ ၀၉ -၅၁၃၇၇၀၄၊ ၀၉ -၇၉၅၅၀၂၈၈၂**
**(မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၃)၊ ငါးပိ၊ ငါးခြောက်၊ - ငံပြာရည် စီမံကိန်းဇုံ (၂)၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ် (၈၂၇)၊ မြေအကျယ်(၅၅x၁၀၀)ပေ မြေကွက်အား တရားဝင် ရောင်းချ ပိုင်ခွင့်ရှိသူ ဦးတင်မောင်အေး (၁၂/မဂတ(နိုင်)၀၅၇၃၈၂) ထံမှ ကျွန်ုပ်မိတ်ဆွေ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်ချို့တစ်ဝက် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကြည်သာဟန်

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)

အမှတ် (၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁) ရပ်ကွက်၊

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၂၆၀၇၈၀၉၀၁

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀)၊ မြေကွက်အမှတ် (၂-က)၊ မြေချိန်ဧရိယာ (၃.၉၂၅)ကေနှင့် မြေကွက်အမှတ် (၂-ခ)၊ မြေချိန်ဧရိယာ (၁.၆၀၈)ကေ၊ စုစုပေါင်းမြေချိန်ဧရိယာ(၅.၅၃၃) ကေရှိသည့် ဂရန်မြေပေါ် တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၁၁)၊ (၁) လွှာ၊ အခန်းအမှတ် (၁)၊ အိပ်ခန်း (၃) ခန်းပါရှိသည့် အကျယ်အဝန်း (၉၂၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No.0559 ဖြင့် ဦးသက်ထက်သန်း (ဘ) ဦးမောင်မောင်သန်း (၁၂/လကန(နိုင်)၁၈၂၁၁၈) မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော အမည်ပေါက် Apartment တိုက်ခန်း ဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဦးသက်ထက်သန်း (ဘ) ဦးမောင်မောင်သန်း (၁၂/လကန (နိုင်) ၁၈၂၁၁၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝါဝါအောင် (LL.B)

အထက်တန်းရှေ့နေ (စဉ်-၅၂၅၀၈)

၃၃ လမ်း၊ ၇၆ x ၇၇ လမ်းကြား၊ ကဥ္စဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊

မန္တလေးမြို့၊ ဖုန်း-၀၉-၉၇၇၅၂၁၈၅၉၉၊ ၀၉-၄၃၆၅၀၀၀၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို / ကန့်ဘလူခရိုင် ပုံစံ(ဈ)ဝင်ပစ္စည်းများ
## လေလံတင်ရောင်းချရေး ကော်မတီ

လေလံအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇)

၁။ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိပုံစံ(ဈ)ဝင် ကျွန်း/သစ်မာ (သစ်/ ခွဲသား) (၂၇.၁၉၃၄) တန်(MSME)နှင့် အင်သစ် / ခွဲသား (၃၁.၆၅၈၈)တန် တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(၁) **နေ့ရက်** - (၁၇-၉-၂၀၂၆) ရက်၊ ကြာသပတေးနေ့

(၂) **အချိန်** - နံနက် (၁၀:၀၀) နာရီ

(၃) **နေရာ** - ခရိုင်သစ်တောဦးစီးဌာနမှူးရုံး၊ ရွှေဘိုခရိုင်၊ သစ်တောဦးစီးဌာန

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ သစ်စက်သေး/စက်ကြီး၊ အချောထည်စက်/ လျှာထိုးစက် လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ(လိုင်စင်မိတ္တူနှင့်အတူ)၊ဒေသခံပြည်သူများ နေအိမ်ဆောက်လုပ်ရန်၊ အစိုးရဌာနအဆောက်အအုံများ၊ လမ်းတံတားများ ဆောက်လုပ်ရန် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပါက ဈေးပြိုင်လေလံဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက် (၁) စုံအား (၁၀၀၀၀ိ/-) နှုန်းဖြင့် (၁၅) ရက် နောက်ဆုံးထား၍ ရွှေဘိုခရိုင် သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၁၀) ရက်မှစ၍ လေလံပွဲမကျင်းပမီ (၇) ရက်အလို ရုံးချိန်အတွင်း ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန Website https://www. Forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ

ရွှေဘိုခရိုင်

## ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ည-ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ် ၇၅၇ နေ မမြင့်မြင့်အေး (မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မှ Grade-12 ကျောင်းသူ) ၏ဖခင် ဦးကနယ်စား ၁၂/သလန(နိုင်)၀၇၉၂၀၂ နှင့် ဦးကနေဇာ (ခ) ကနေစာမှာ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၇) ရပ်ကွက်၊ အောက်စကြာလမ်းနှင့် ဗညားဒလလမ်းဒေါင့်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ(၂)၊ မြေကွက်အမှတ် (၉၇၁/ခ)ဟု ခေါ်တွင်သော အလျား (၂၄) ပေ x အနံ (၆၀) ပေ၊ ဧရိယာ (၀.၀၃၃) ဧကအကျယ်ရှိ မြေကွက်အား မြေကွက်၏ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဌေး (၁၂/လသယ(နိုင်)၀၁၃၆၁၄)ထံမှ အရပ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာကြည်(၁၂/လသယ(နိုင်)၀၂၆၀၉၇)က ဝယ်ယူခဲ့ရာ ယခုအခါ အဆိုပါ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုလိုပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် လာရောက်ဆက်သွယ်ပေးခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဌေး (၁၂/လသယ(နိုင်)၀၁၃၆၁၄) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နိုင်ညာဦး

(LL.B, D.B.L, D.I.L, D.M.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၃၂)

အမှတ် (၃/၅/၄)၊ ဦးစလမ်း၊ စိုက်/မွေး (၁) ရပ်ကွက်၊

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ဖုန်း - ၀၉ -၆၈၀၃၃၉၃၇၃၊ ၀၉ -၇၆၆၂၀၀၁၄၅

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆)၊ စိန်ရတနာလမ်း၊ မြေကွက်အမှတ် (၁၈၁/ခ)၊ မြေအကျယ် (၂၀ x ၆၀)ပေ ဦးရွှေသန်း အမည်ပေါက် ပါမစ်မြေကွက်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကေသီမမ (၁၂/ဥကတ(နိုင်)၀၄၈၃၃၄) ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်ချို့ တစ်ဝက်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကြည်သာဟန်

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)

အမှတ် (၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁) ရပ်ကွက်၊

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉၂၆၀၇၈၀၉၀၁

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၂၁၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၈၃၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 20W/38119 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)ရှိ ဒေါ်အင်ကြင်းဦး (ဘ) ဦးမျိုးသန့် ၁၂/မဘန(နိုင်)၀၉၇၉၃၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်၊ မြေကွက်အမှတ်(S-၂၃၀)၊ ဧရိယာ(၀.၂၂၉) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ပြည့်ပြည့်ဖြိုး (ဘ) ဦးအောင်မြင့်စိုး ၁၂/မရက(နိုင်)၁၃၉၂၉၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)ရှိ ဦးအားရှုံး (ဘ) ဦးပေါက်ဆိုင် ၁၃/လရန(နိုင်)၀၈၉၆၆၁ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(၇၀၁)၊ ဧရိယာ (၀.၀၈၄) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နန်းဆိုင်မွန်း (ဘ)ဦးစိုင်းမွန်း ၁၃/လရန(နိုင်)၁၂၆၆၃၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)ရှိ ဦးအားရှုံး (ဘ)ဦးပေါက်ဆိုင် ၁၃/လရန(နိုင်)၀၈၉၆၆၁ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(၇၀၂)၊ ဧရိယာ (၀.၀၈၅) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နန်းဆိုင်မွန်း(ဘ)ဦးစိုင်းမွန်း ၁၃/လရန(နိုင်)၁၂၆၆၃၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲ မှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)ရှိ ဦးဌွေးလှိုင်၊ ဒေါ်နီလာဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(၂၆၂)၊ ဧရိယာ (၀.၀၉၁၈)ဧကအား အမည်ပေါက်သူ ကိုယ်စား ဒေါ်ပြည့်ပြည့်ဖြိုး (ဘ) ဦးအောင်မြင့်စိုး ၁၂/မရက(နိုင်)၁၃၉၂၉၆ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၄၈/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးညီလင်းသိန်း (ဘ) ဦးသိန်းဦး၊ ၁၂/မဂဒ (နိုင်)၁၃၇၄၂၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်တွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဦးခင်စိုး (ဘ) ဦးမောင်ဝင်း ၈/မကန(နိုင်) ၂၀၇၁၈၅ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (၁၇၂၂)၊ ဧရိယာ (၀.၀၈၂) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ကြည်ကြည်လှ (ဘ) ဦးလောက်အေ ၁၃/သနန (နိုင်)၀၅၆၄၀၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးနိုင်ပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ကေရှိ ဦးထွန်းဇော် ၈/ပခက(နိုင်) ၁၄၃၁၆၀ (ဘ) ဦးဘိုသိန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၅၄၉ )ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၄၉/၂၀၂၃( ၁-၁၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးပြည့်ဖြိုးအောင် ၉/ပမန(နိုင်)၁၉၈၅၃၈ (ဘ) ဦးတင်ထွန်းမှ ဒေါ်သန်းသန်းလှိုင် ၁၃/နဆန(နိုင်)၀၃၅၅၅၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၂၆) ကေရှိ ဒေါ်ဇင်မေဦး ၁၀/မဒန(နိုင်)၀၈၁၃၂၁ (ဘ) ဦးကြည်သိန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၁၄၄၃) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၇၃/၂၀၂၁( ၂၈-၉-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဘိုဘိုဟိန်း ၁၄/ဖပန(နိုင်)၁၅၃၅၅၇ (ဘ) ဦးတင်အောင်မှ ဒေါ်စိုးသူဇာမင်း ၉/မကန(နိုင်)၁၀၅၃၂၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၄၁၃)၊ မြေဧရိယာ(၀.၂၂၉)ကေရှိ ဦးသိန်းဟန်(ခ) သောင်းဟန် (ဘ) ဦးယိုအိစိန် (ခ) ဦးမြင့် ၁၂/လမတ(နိုင်)၀၂၁၄၅၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဦးသိန်းဟန် (ခ) သောင်းဟန်(တရားရှုံး)ကိုယ်စား လယ်ဝေးခရိုင်တရားရုံး၏ ဘီလစ်ဖြစ်သူ ဒေါ်သီရိကေခိုင်စိုး (ဘ) ဦးစိုးခိုင် ၉/ပမန(နိုင်)၂၆၉၅၇၀မှ ဦးစိန်မြင့်အောင် (ဘ) ဦးဖိုးကီး ၁၃/နစန(နိုင်)၀၃၉၉၉၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်မူရင်း၊ လယ်ဝေးခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁/၂၀၂၆၊ တရားမဇာရီမှုအမှတ် ၁၃/၂၀၂၆ တို့တင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဒက္ခိဏသီရိ၊ မြေကွက်အမှတ် (ဒ-၁၁၀၈)၊ မြေဧရိယာ (၀.၃၉၂)ကေရှိ ဦးလီလောင်တိုင် (ဘ)ဦးလီဟန်ချိန် ၁၃/လကန(နိုင်)၀၁၂၅၃၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးလီလောင်တိုင်မှ ဒေါ်ရန်ကျူးဖုံ (ဘ)ဦးရန်ဝင်ပို ၁၃/ကကန (နိုင်)၀၀၀၉၇၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၁၁၀) ကေရှိ မြေကွက်အမှတ် (ပ-၂၂၁၅၃) ကို အမည်ပေါက် ဦးကျော်သူညွန့် (ဘ) ဦးစိန်ခင် ၁၂/တတန(နိုင်)၁၇၄၂၅၂ မှ ဒေါ်စိုးမြတ်နွယ် (ဘ) ဦးမြသန်း ၁၃/နခတ(နိုင်)၀၄၈၄၃၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်းနောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိ အနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၈၀၉)၊ မြေဧရိယာ (၀.၁၄၆) ကေရှိ ဒေါ်အေးဇာနည်လွင် (ဘ) ဦးမြင့်လွင် ၁၃/တကန(နိုင်)၂၁၁၇၉၄ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကိုဒေါ်အေးဇာနည်လွင်မှ ဦးမျိုးခိုင်ဝင်း(ဘ)ဦးဝင်းမောင် ၈/ရစက(နိုင်)၁၂၁၃၇၉ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၀)၊ Grade-11 မှ မပန်းဟေမာန်၊ Grade-9 မှ မခြူးမီမီထွေး တို့၏ ဖခင်အမည်မှန်မှာ ဦးပါစကွား လယ်ဆော်ရယ် (၂/လကန(နိုင်) ၀၆၆၈၅၉) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) Grade-12(D) မှ ခွန်လရောင်၏ ဖခင်အမည်မှန်မှာ ခွန်ကျော်ဝေ (၁၃/တကန(နိုင်)၂၂၃၂၄၆) ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) Grade-12(B) မှ နန်းအိမ်ခမ်း၏ မိခင်အမည်မှန်မှာ နန်းလှလှမွေး (ခ) မမြမြရွှေ ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) Grade-12(A) မှ မပေရယ်ဘောမ်ဝမ် ၏ အမည်မှန်မှာ မပေရာယ်ဘောမ်ဝမ် ဖြစ်ပါကြောင်း။

## အမည်မှန်

တောင်ကြီးမြို့နယ်၊ ဟမ်းဆီး၊ အထက Grade-5 မှ မအဲလစ်ဇူးဇန် ၏ အမည်မှန်မှာ မအဲလင်းဇူဇန် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိ တောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၆၀၀)၊ မြေဧရိယာ (၀.၁၄၉)ကေရှိဒေါ်သင်းရတီဆု (ဘ)ဦးမြင့်စိုး ၁၂/လမတ(နိုင်)၀၃၃၄၂၆ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကိုဒေါ်သင်းရတီဆု မှ ဦးသက်နိုင်ထွန်း (ဘ)ဦးသန်းမောင် ၁၄/ဟသတ(နိုင်)၁၅၀၆၈၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၄၁၈)၊ မြေဧရိယာ (၀.၀၈၂) ကေရှိ ဦးလှဌေး (ဘ) ဦးလှမြင့် ၁၂/ဥကတ(နိုင်)၀၂၂၄၆၇ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးလှဌေး မှ ဒေါ်ဖြိုးသန္တာငြိမ်း (ဘ)ဦးမျိုးမြင့် ၁၂/သဃက(နိုင်)၁၆၄၂၁၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဦးကျော်တင့် (ဘ) ဦးကျောင်းခမ်း ၁/ဗမန(နိုင်)၀၄၆၄၀၆ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(၁၉၀၉ )၊ ဧရိယာ (၀.၀၈၂) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးဖွဲ့ထက် (ဘ) ဦးခင်ရွှေ ၁၁/ဂမန(နိုင်) ၀၄၁၄၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 39W/98453 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/37552 Kenbo Gravita 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ဝေဖြိုး ၉/ခအဇ (နိုင်) ၀၀၉၈၈၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/41174 HONDA SCOOPY 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သက်ဆွေ ၅/ဘတလ(နိုင်) ၀၀၀၇၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/51377 ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းသိန်း ၉/ကဆန(နိုင်)၀၄၆၂၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/6122 SUZUKI CARRY DA63T Pick up (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒေဝီ ၁၃/လရန(နိုင်)၁၂၄၀၀၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## ရုံးအမှတ်(၄-ဂ)၊ နေပြည်တော်
## လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၁၀)နေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူများ လျှောက်ထားနိုင်သည်။
- (ဂ) လျှောက်လွှာပိတ်သည့်(၃၀-၉-၂၀၂၆) ရက်တွင် အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

- (က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊
- (ဂ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် ဘွဲ့လက်မှတ် အပ်နှင်းခြင်းမပြုရသေးသူများအတွက် အလုပ်သင်ပြီးဆုံးကြောင်း ထောက်ခံစာမိတ္တူ၊
- (ဃ) (၆)လအတွင်း ရိုက်ကူး ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊
- (င) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး/ ရဲစခန်းတို့၏ ထောက်ခံချက်မူရင်း၊
- (စ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်၊

၃။ လျှောက်ထားသူသည် တာဝန်ချထားရာဌာနအသီးသီး၌ အနည်းဆုံး (၃) နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄-ဂ)၊ နေပြည်တော်သို့လိပ်မူ၍ (၃၀-၉-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီ နောက်ဆုံးထားပေးပို့ရပါမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှ တစ်ဆင့် ပေးပို့လျှောက်ထား၍ မိတ္တူတစ်စောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄-ဂ)၊ နေပြည်တော်သို့ သတ်မှတ်ရက်အရောက် ပေးပို့ လျှောက်ထားရမည်။(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၅။ သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်မည်။ ဖြေဆိုခွင့်ရရှိသူများအား အမည်စာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတို့တွင် (၁၅-၁၀-၂၀၂၆) ရက်၌ ကြေညာသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန (website www.dtm.gov.mm)တွင်လည်း ကြည့်ရှုနိုင်ပါသည်။

၆။ ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့်ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၈၈၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

**တိုင်းရင်းဆေးပညာဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/6463 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 28W/40628 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၈)၊ မြရည်နန္ဒာအိမ်ရာ၊ (၄) ခန်းတွဲ (၆) ထပ်၊ တိုက်အမှတ်(၄၂)၊ အခန်းအမှတ်(၂)၊ မြေညီထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းထိုက်(ဘ)ဦးစန်းနိုင် ၉/မရတ(နိုင်)၁၂၂၉၅၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေအရ ဥပဒေနှင့် အညီ လွှဲပြောင်းပြီးပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှု မလွှဲပြောင်းခြင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက၊ ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းစာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ ၊ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝဏ္ဏ (ဘ) ဦးကျော်(ခ)ဦးကျော်ဆွေ** | **ဒေါ်ဝင်းဝင်းမော် (စဉ်-၈၂၄၀)** |
| **၈/တတက (နိုင်) ၀၉၉၁၇၀** | **ဦးကျင်မောင်ထွေး (စဉ်-၁၂၅၀၂)** |
| | **(တရားလွှတ်တော်ရှေ့နေများ)** |
| | **၃၂(ဘီ)လမ်း၊ ၇၀x၇၁လမ်းကြား၊** |
| | **ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၂၀၃၆၆၅၂၊** |
| | **၀၉-၉၆၀၄၆၁၂၂၄** |

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန်လျှောက်ထားသည့်အပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၉

**T.H.S MDY COMPANY LIMITED**

(ကုမ္ပဏီ၏ကိုယ်စား လွှဲအပ်ခြင်းခံရသူ **လျှောက်ထားသူ**
**ဒါရိုက်တာဒေါ်ဝင်းဝင်းထိုက်)**

**မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊** ၁၃၄လမ်း၊ ၅၁-၅၂လမ်းကြား တွင် ဖွင့်လှစ်ထားသည့် **T.H.S MDY COMPANY LIMITED (ကုမ္ပဏီ၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူ ဒါရိုက်တာ ဒေါ်ဝင်းဝင်းထိုက်)** မှ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ Myanmar Companies Online (MyCO) စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ (Annual: Return)တင်ပြရန် ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) နံနက် ၁၀:၀၀နာရီတွင် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ လွှဲအပ်ထားသည့် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါ ကင်းလွတ်ခွင့်လျှောက်ထားချက်အား ရသင့်/မသင့်ကို ကြားနာ၍ကင်းလွတ်ခွင့် ပြုသင့်/မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော **T.H.S MDY COMPANY LIMITED (ကုမ္ပဏီ၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူ ဒါရိုက်တာ ဒေါ်ဝင်းဝင်းထိုက်)** ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၆

ဦးသက်နိုင်ဦး **နှင့်** ဒေါ်ကြည်ကြည်တင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၁၁၃x၁၁၄ လမ်းကြား၊ ၇၃x၇၄ လမ်းကြား၊ အကွက်အမှတ်(လ-၂/၁၃)နေ ဒေါ်ကြည်ကြည်တင် (ဘ) ဦးဘတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်နိုင်ဦး က မန္တလေးမြို့၊ ပြည်ကြီး တံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက် အကွက်အမှတ်(အ-၁၈)၊ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်တင် အမည်ပေါက်ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လကွယ်၁၄ ရက်) မွန်း မတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ချမ်းမြသာစည်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် -၁၇၄

ဒေါ်နှင်းနှင်းခိုင် **နှင့်** ဦးစိုးလှိုင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ၅၂x၅၃ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြား နေ ဦးစိုးလှိုင် (ဘ) ဦးထွန်းရှိန် (ယခုနေရပ် လိပ်စာမသိ )သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းနှင်းခိုင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅) ၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမက(၂၅) Grade-5 မှ (ဘ) ဦးအောင်ကျော်စိုး၏ သား မောင်ကောင်းဘုန်းမြတ်ဇော်အား မောင်ကောင်းမြတ်ကျော် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းမြတ်ကျော်**

## အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(စက်မှုဇုန်)၊ Grade-7(B) မှ မယွန်းဖူးအိမ်၏ အမည်မှန်မှာ နန်းယွန်းဖူးအိမ် ဖြစ်ပါကြောင်း။

**နန်းယွန်းဖူးအိမ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7528 Golden Light Truck (GL-OI) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၅/အတန(နိုင်) ၀၆၁၃၇၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၄၉၃၈ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၆/ပလန(နိုင်) ၀၅၆၄၄၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးအေးမင်း၏ သမီး ဒေါ်ဇင်မေအေး [၁၄/ဝခမ(နိုင်)၂၆၈၄၄၆] သည် လူမှုပတ်ဝန်းကျင်နှင့် မိမိ၏လုပ်ငန်းခွင်တွင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်သူ တစ်ဦးဖြစ်ပါသည်။ ဒေါ်ဇင်မေအေးသည် မိမိ၏လုပ်ငန်းနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာ တာဝန်များကို ရှောင်လွှဲခြင်းမရှိဘဲ ကျေပွန်စွာ ဖြေရှင်းပေးလျက်ရှိပါလျက် ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ လူမှုကွန်ရက် စာမျက်နှာပေါ်နှင့် ပတ်ဝန်းကျင်တွင် ၎င်းအား ဂုဏ်သိက္ခာ ကျဆင်းစေရန် ရည်ရွယ်၍ အသရေဖျက်သော အရေးအသားများဖြင့် ရေးသားနှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိပါသဖြင့် ယခုကြေညာသည့်ရက်မှစ၍ ရပ်တန့်ရန် အသိပေး ကြေညာအပ်ပါသည်။ ထို့ပြင် ဒေါ်ဇင်မေအေးနှင့်ပတ်သက်၍ TikTok, Facebook Page, Telegram, Viber အစရှိသည်တို့မှ မမှန်မကန် ကြေညာခြင်း၊ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ဖြန့်ဝေခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ အသရေဖျက်ခြင်း စသည်တို့ကို မပြုလုပ်ကြပါရန်နှင့် ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မေအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရရဲစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၇၃၈)**
**ဖုန်း-၀၉-၉၆၉၄၀၂၅၄၆**

## အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၂၀၇/ခ)၊ ကာဘိုးလမ်း၊ အကျယ်အဝန်း(၀.၀၂၇၅)ဧက(၂၀ ပေ x ၆၀ ပေ)(၁၂၀၀)စတုရန်းပေရှိ ဦးညီညီကျော် (၁၄/ပသန(နိုင်)၀၄၂၃၉၈)၊ ဒေါ်ထွေးထွေးထွန်း ၁၄/ဖပန(နိုင်)၀၀၁၄၄၂ အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကာဘိုးလမ်း၊အမှတ်(၁၂၀၇/ခ)ဟု ခေါ်တွင်သော(၂၀ပေ x ၆၀ပေ)ရှိ ဦးညီညီကျော် ၁၄/ပသန(နိုင်)၀၄၂၃၉၈၊ ဒေါ်ထွေးထွေးထွန်း ၁၄/ဖပန(နိုင်)၀၀၁၄၄၂ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သူ ဦးညီညီကျော်နှင့် ဒေါ်ထွေးထွေးထွန်းတို့ နှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး၊ (၁-၉-၂၀၂၆)ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်"ကို ချုပ်ဆို၍ အရောင်းအဝယ် ပြုလုပ်သောမြေကွက်၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း/စာရွက်စာတမ်း၊ အထောက် အထား(မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မေသဇင်ဖူး (LL.B, LL.M) (တရားလွှတ်တော်ရှေ့နေ)(စဉ် - ၁၅၇၃၃/၂၀၁၉)**
**အမှတ်(၁၀၈၅)၊ ထူပါရုံ(၃)လမ်း(အနောက်)၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၇၉၃၅၃၇၀၇၈၊ ၀၉ -၄၂၁၀၂၆၉၀၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁) ရပ်ကွက်၊ စာစင်အလယ်ပိုင်း၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၂၂) နေ (ဦးမောင်တင်)- ဒေါ်နွဲ့ရီ (၁၀/မဒန(နိုင်)၀၇၆၉၁၆) တို့၏သားဖြစ်သူ မောင်သက်မောင်မောင်(ခ)အာနိုး (၁၀/မဒန(နိုင်)၂၂၂၀၆၆) သည် မိခင်၏ဆိုဆုံးမမှုကို နာမခံဘဲ မိခင်အား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် ပြုလုပ်နေခြင်းတို့ကြောင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နွဲ့ရီ** | **ဒေါ်နှင်းပွင့်ဖြူ(LL.B) (DBL)** |
| **၁၀/မဒန(နိုင်) ၀၇၆၉၁၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၂၆)** |
| | **အမှတ်(ခ/၄၇)၊စက်သစ်ရပ်၊** |
| | **မြလာလမ်း၊ မြို့မ(၁) ရပ်ကွက်၊** |
| | **မုဒုံမြို့၊** |
| | **ဖုန်း-၀၉-၄၂၅၂၇၈၆၈၀** |

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက(၄) Grade-12(A) မှ မနီနီထွေး ၅/ဗမန(နိုင်)၀၉၈၁၁၅ ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၉-၂၀၀၆) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက(၄) Grade-12( C ) မှ စိုင်းကွမ်းခမ်း ၁၃/လလန(နိုင်)၁၄၂၉၉၄ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၆-၂၀၀၈) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်၊ ဖခင်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ Grade-12(B) မှ မမန်ချဲဟေမာန်ဆန်း ၁/ပတအ(နိုင်) ၀၆၉၆၁၈ ၏ မွေးသက္ကရာဇ်အမှန်မှာ (၈-၁၂-၂၀၀၈) ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမန်ချဲမင်ဆန်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက(၄) Grade-12(A) မှ မပွင့်ဖြူဖြူအောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၁-၂၀၀၉)ဖြစ်ပါကြောင်း။

## အမည်မှန်

(ဘ) ဦးသန်းနိုင်၏ သမီး မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12(E) မှ မဇူလိုင်မိုး၏ အမည်မှန်မှာ မဇူလှိုင်မိုး ၆/ကစန(နိုင်) ၁၇၉၅၆၂ ဖြစ်ပါကြောင်း။

**မဇူလှိုင်မိုး**

## မွေးသက္ကရာဇ်အမှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ဒေသ၊ ထိန်ကြီးရွာနေ ဦးလှထွေး၏ သမီး၊ အထက(၃) ထားဝယ် Grade-10မှ မအိလှိုင်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၃-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကျောက်ဆင်ရွာနေ အထက(ကမြောကင်း) Grade-3 မှ မသွယ်ဇင်ချို၏ ဖခင်ဦးနိုင်ဦး၏ အမည်မှန်မှာ ဦးအောင်နိုင်ဦး ၆/လလန (နိုင်)၀၇၀၄၆၂ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဦး**

## အမည်မှန်

ထားဝယ်မြို့၊ မဟာရွှေဂုဏ်ထူး ကိုယ်ပိုင် အထက်တန်းကျောင်းမှ (ဘ) ဦးဟိန်းသက်ဝေ၏ သား Grade-2 မှမောင်ဟိန်းပြည့်စုံ၏ အမည်မှန်မှာ မောင်ဟိန်းထက်မှူး ဖြစ်ပါကြောင်း။

**မောင်ဟိန်းထက်မှူး**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄) Grade-12(A) မှ မနန်းဆိုင်လောဝ် ၁၃/မကန(နိုင်)၀၉၈၈၈၈ အား ယနေ့မှစ၍ မနန်းဆိုင်လောင် ဟု ပြောင်းလဲခေါ်ပါရန်။

## မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မော်လမြိုင်မြို့၊ လှိုင်ရတနာတိုးချဲ့ရပ်ကွက် ရေပေးရေးလုပ်ငန်းအတွက် အောက်ပါအတိုင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | Lot No(1) | | ဂါလန်(၂၀၀၀၀၀)ဆန့်ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ခြင်း |
| (ခ) | Lot No(2) | | HDPE Pipe များဝယ်ယူခြင်း<br>OD Ø250 mm HDPE Pipe(PE-100)<br>OD Ø110 mm HDPE Pipe (PE-100)<br>OD Ø90 mm HDPE Pipe (PE-100) |
| (ဂ) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်၊ အချိန်** | - | ၂-၉-၂၀၂၆ ရက်၊ (ဗုဒ္ဓဟူးနေ့)မှ ၁၅-၉-၂၀၂၆ ရက် (အင်္ဂါနေ့) ထိ ရုံးချိန်အတွင်း |
| (ဃ) | **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်၊အချိန်** | - | ၁၅-၉-၂၀၂၆ ရက်၊ (အင်္ဂါနေ့) ညနေ (၄:၃၀) နာရီ |
| (င) | **တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** | - | ၁၇-၉-၂၀၂၆ ရက်၊(ကြာသပတေးနေ့) |
| (စ) | **နေရာ** | - | မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ကမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့ |

၂။ တင်ဒါဖွင့်လှစ်မည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံကြေညာပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၇၉၁၇၉၁၃၉၃ နှင့် ၀၉-၆၉၅၉၉၉၆၆၀ တို့သို့ ဖြစ်စေ၊ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၂၊ မြေကွက်အမှတ် ၁၁၅၁၊ မြေကွက်တည်နေရာ အမှတ်(၁၁၅၁)၊ လှသိင်္ဂီ(၁)လမ်း၊ (၁၆၈/၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ခင်ဆွေလှိုင် (၁၂/ လကန (နိုင်)၀၁၁၆၉၂) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ခင်ဆွေလှိုင် (၁၂/လကန(နိုင်)၀၁၁၆၉၂) ကိုယ်တိုင်မှ ဓာတ်ပုံမှတ်တမ်းနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်သာပါရှိသည့် ပါမစ်မပြည့်စုံတင်ပြ၍ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုး တင်ပြထားပါသဖြင့် ဒေါ်ခင်ဆွေလှိုင်မှ ပါမစ်မပြည့်စုံတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် (၁၁၁)နေ ဦးဝင်းကို (၉/ပမန(နိုင်)၁၁၃၆၆၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးဝင်းကို ယခုလက်ရှိနေထိုင်လျက်ရှိသော အမှတ် (၁၁၁) မြေကွက်ကို ၂၀၁၀ ခုနှစ်တွင် အမည်ပေါက် ပိုင်ရှင် ဒေါ်တင်နွဲ့ရီထံမှ ဝယ်ယူပြီး ယခုအချိန်ထိနေထိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အမှတ် (၁၁၁) မြေကွက်အား ဦးဝင်းကို မှ ဦးရာဂျူးနှင့် ဒေါ်ခင်မြတ်စုမင်းထံ အရောင်းအဝယ်စာချုပ်ဖြင့်ပေါင်နှံခဲ့စဉ် ဒေါ်ခင်မြတ်စုမင်းမှ ဒေါ်လင်းလင်းထိုက် ဆိုသူထံသို့ ရောင်းချခဲ့ပြီး ဒေါ်လင်းလင်းထိုက်သည် ဦးဝင်းကိုနှင့် မိသားစုအား ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇၅ ဖြင့် "ကျူးကျော်နေထိုင်သူများအား ဖယ်ရှား၍ လက်ရောက်ရလိုမှု "စွဲဆိုခဲ့ရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ (၂၁) ရက်နေ့တွင် ဒေါ်လင်းလင်းထိုက် စွဲဆိုသည့်အမှုရှုံးနိမ့်ခဲ့ပါသည်။ ဒေါ်လင်းလင်းထိုက် အမှုရှုံးပြီးနောက် ကျွန်ုပ်အမှုသည် ဦးဝင်းကိုမှ ၎င်းဝယ်ယူထားသည့် ဒေါ်တင်နွဲ့ရီ အမည်ပေါက် စလစ်(ယာယီမြေပေးလက်မှတ်)အား (၃) ကြိမ်ခန့် ညှိနှိုင်းတောင်းယူသော်လည်း ပြန်လည် ပေးအပ်ခဲ့ခြင်းမရှိပါ။ အဆိုပါစလစ်စာရွက်မူရင်းသည် ဒေါ်လင်းလင်းထိုက်တို့ လက်ဝယ်တွင် (၉)နှစ်ကျော် မတရားသိမ်းဆည်းခံရပြီး ပြန်မရနိုင်တော့သည့်အတွက် ဦးဝင်းကိုမှ စလစ်အသစ်ထုတ်ယူရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဖြူ (LL.B)(C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၄၆/၂၀၁၂)**
**အမှတ် (၅၀)၊ အထူး (၁) လမ်း၊ အောင်မေတ္တာ (ဃ) ရပ်၊ မကွေးမြို့**
**ဖုန်း- ၀၉-၄၄၉၉၈၉၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၉၆၃၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်၁၄/ပသန(နိုင်)၁၅၆၅၀၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ဃ/၅၇၉၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဟိန်း ၁၀/ပမန(နိုင်)၂၄၆၅၃၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမည်နှင့် မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ တီးလုံကျေးရွာအုပ်စု၊ တာဝရွာမှ (ဘ) ဦးမောင်ကော်၏ သမီး မမိုးအေး၏ အမည်မှန်မှာ မနန်းမိုးမိုးအေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၂၀၀၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အထက (နွားလပိုး) မှ အထက်တန်းပြ ဒေါ်ကြည်ကြည်လွင် ၉/ကပတ(နိုင်)၁၈၅၄၈၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၈-၁၉၈၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ မူလွန် အောင်သီဟကျောင်း Grade - 4 မှ မခင်ဘုန်းပြည့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇင်မြင့် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ရွှေမြို့နယ်၊ အထက (ခွဲ) အိုင်ထောင့်ကြီးကျောင်း Grade-9 မှ မောင်ဟိန်းလှ၏ ဖခင် ဦးမြင့်ငွေး (ခ) ဦးမြင့်ထွေး ၁၃/ညရန (နိုင်) ၀၈၆၄၇၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 37W/86207 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးအောင် ၉/တသန(နိုင်)၀၂၂၈၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/27560 Honda Scoopy Ki11, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးခိုင် ၉/ခမစ(နိုင်)၀၀၃၄၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ဃ/၇၃၃၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၁၀/မလမ (နိုင်) ၃၂၃၁၃၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5919 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/5208 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## CNG သုံးစွဲခွင့်စာအုပ် ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော် ဦးသန်းကြည် ၁၂/ဥကတ(နိုင်)၀၄၂၈၆၆ ပိုင်ဆိုင်သော YGN (CC/8440) Toyota Caldina အမျိုးအစား ခဲရောင် မော်တော်ယာဉ်၏ CNG သုံးစွဲခွင့်စာအုပ် ပျောက်ဆုံးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသန်းကြည်**
**ဖုန်း-၀၉-၄၂၄၇၇၆၈၀၃**

## မွေးသက္ကရာဇ်မှန်

ရန်ကုန်မြို့၊ UEC Private High School, Grade - 12 မှ (ဘ) ဦးလာလ်မောင်ကျုံး ၄/ထတလ(နိုင်) ၀၀၂၅၀၀ ၏ မခရစ်တီနာဗန်ချင်ပါရ် ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၂-၂၀၀၇ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၃)၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စီမံကိန်းဇုံ (၂)၊ စံပယ်လမ်း၊ မြေကွက်အမှတ် (၃၈၅)၊ မြေအကျယ်(၅၅ x ၁၀၀)ပေ မြေကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဆန်ဂျိုးကူမာရ် (၁၂/ဒဂတ(ပြု) ၁၁၁၄၄၁) ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်ချို့တစ်ဝက် ပေးချေပြီးဖြစ်၍ ကန့် ကွက်လိုပါက ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)**
**အမှတ် (၃၉၁)၊ တက္ကသိုလ်လမ်း၊ (၁၁) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၀၇၈၀၉၀၁**

## သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တိုက်(၂)၊ အခန်း(၄၀၃)၊ ဒဂုံလွင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးတေဇာဇွန်ကိုကို (၁၂/တမန(နိုင်)၁၀၈၄၆၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးတေဇာဇွန်ကိုကို (၁၂/တမန(နိုင်)၁၀၈၄၆၇) ၏ ဇနီးဖြစ်သူ ဒေါ်ရည်မွန်အောင် (၁၂/သဃက(နိုင်)၁၄၂၁၂၅) နှင့်ပတ်သက်၍ ယခုဖြစ်ပေါ်လျက်ရှိသော ငွေကြေး အရှုပ်အရှင်း ကိစ္စရပ်များတွင် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးတေဇာဇွန်ကိုကို အနေဖြင့် ပါဝင်သိရှိခဲ့ခြင်း လုံးဝ(လုံးဝ) မရှိသည့်အပြင် မည်သည့်စာချုပ်စာတမ်းတွင်မှလည်း လက်ဗွေ/လက်မှတ် ရေးထိုးပေးထားခဲ့ခြင်းများလည်း အလျဉ်းမရှိပါသဖြင့် ၎င်းဒေါ်ရည်မွန်အောင်နှင့်သာ ဖြေရှင်းကြပါရန်နှင့် ဦးတေဇာဇွန်ကိုကိုမှ မည်သည့်ငွေကြေး၊ အရှုပ်အရှင်းကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် အဆိုပါ ငွေကြေးအရှုပ်အရှင်းကိစ္စရပ်များတွင် ဦးတေဇာဇွန်ကိုကို အမည်တစ်စုံတစ်ရာ ထည့်သွင်းသုံးစွဲခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-**<br>**ဦးတေဇာဇွန်ကိုကို**<br>**(၁၂/တမန(နိုင်)၁၀၈၄၆၇)** | **လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဒေါ်သန္တာထွေး (LL.B)**<br>**အထက်တန်းရှေ့နေ (စဉ်-၄၄၂၁၃)**<br>**အမှတ် (၁၀၄၈)၊ ၅/၇ ဖြဟ္မစိုရ်လမ်း၊**<br>**(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**<br>**ဖုန်း-၀၉-၇၉၅၀၀၉၄၁၃** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၉)လမ်းသွယ်၊ အမှတ်(၇၄၆)၊ အကျယ်အဝန်း (အလျား ၁၂ ¹/₂ ပေ x အနံ ပေ ၅၀) ရှိ ပထပ်၊ (ခေါင်းရင်းဘက်ခြမ်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်ယဉ်ယဉ်သန်း (၁၂/သဃက(နိုင်)၀၈၈၃၄၇)မှ ရောင်းချခွင့် အပြည့်အဝရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးကျော်သူ (၁၂/မဂတ(နိုင်)၀၇၉၂၀၉) နှင့် မအိချောသူ (၁၂/မဂတ(နိုင်)၁၄၉၀၈၃) တို့မှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရှိုင်နီးမွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၅၃)**
**အမှတ် (၃)၊ ဘုရင့်နောင် (၁၇) လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၆၈၈၆၃၆၃၈၈၊ ၀၉-၇၇၇၇၅၅၃၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄) တောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၅၄၈/က) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် - ၄၊ လူနေရပ်ကွက်အမှတ် - ၄၊ မြေကွက်အမှတ် - ၅၄၈/က (အလျား ၂၀ ပေ x အနံ ၆၀ ပေ) အကျယ်ရှိ မြေကွက်အား အမှုတွဲအမှတ် (သကတ/ ၄/၁၃၅၂/၉၂ / ၂-၉-၉၂) ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံ ခန့်ခွဲမှုဌာနမှ ဒေါ်အေးအေးသန်း အမည်ဖြင့် နှစ် (၆၀) မြေငှားဂရန်ထုတ်ပေးထားသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့် (ရေ + လျှပ်စစ်မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်စိုးဦး (၁၂/သကတ(နိုင်)၀၇၄၀၁၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပြည့်ဖြိုးဦး (၁၂/ ဒပန(နိုင်)၀၆၁၈၃၃) က အပြီးအပိုင် လွှဲ ပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း တရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်ပြီး ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သန္တာမြင့် (LL. B)**<br>**အထက်တန်းရှေ့နေ (စဉ် - ၅၂၈၆၇/၂၉-၅-၂၀၂၀)** | **ဒေါ်မင်းမင်းဖြိုး (LL. B)**<br>**အထက်တန်းရှေ့နေ (စဉ် - ၅၆၆၅၉/၁၆-၈-၂၀၂၄)** |

**အမှတ် (၅၃၉)၊ မင်းလမ်း၊ ရပ်ကွက်ကြီး (၂) ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ဖုန်း-၀၉ - ၅၃၈၀၁၆၄ ၊ ၀၉ - ၇၆၀၇၈၇၁၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃ အေ၊ မြေကွက်အမှတ်- ၉ အေ/၂၊ ဧရိယာ- ၀.၀၃၂ ဧက၊ မြေကွက်တည်နေရာ - အမှတ်(၁၁၄)၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်မြလွင် (၁၂/ဗဟန(နိုင်)၀၈၅၃၈၆) အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက် (မိခင်)ဒေါ်မြလွင်သည် (၂၇-၆-၂၀၁၇)ရက်နှင့် (ဖခင်)ဦးဝမ်ကတ်(ခ) ဦးဝမ်ကက် (ခ) ဦးမောင်နီသည် (၂၃-၁၂-၂၀၀၃) ရက်တို့တွင် အသီးသီး ကွယ်လွန်ခဲ့ကြပြီး မကွယ်လွန်မီက ဦးမျိုးညွန့်၊ ဒေါ်ညိုညို၊ ဒေါ်ချိုချို၊ ဒေါ်မိုးမိုး၊ ဒေါ်မျိုးမျိုး၊ ဦးမျိုးဇော်တို့ မောင်နှမ (၆) ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသောသားသမီးမွေးချင်း၊ အမွေစား အမွေခံ ကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း မရှိပါကြောင်း၊ ၎င်းတို့ကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသောအမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကမာရွတ်ခရိုင်တရားရုံး မှတ်ပုံတင်အမှတ်- ၄၇၂၉/၂၀၂၆(၂၅-၃-၂၀၂၆) ရက် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားစဉ် လျှောက်ထားသူများ အနက် ဦးမျိုးဇော်သည် (၉-၅-၂၀၂၆) ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအား ဇနီးဖြစ်သူ ဒေါ်ငွေးကျင်မှ တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်၍ အမွေဆက်ခံခွင့်ရှိပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် ၎င်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း တိုက်ကြီးခရိုင် တရားရုံးမှတ်ပုံတင်အမှတ်- ၄၀၄၆/၂၀၂၆ (၁၁-၆-၂၀၂၆) ရက်ကျမ်းကျိန်လွှာ၊ ဒေါ်မြလွင် အမည်ဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်သုံး ဘဏ်ငွေချေးရန်မြေပုံမူရင်းမှာ အသုံးပြုထားခြင်းလုံးဝမရှိဘဲ မိမိတို့၏လက်ဝယ်တွင် ယနေ့အချိန်ထိ သိမ်းဆည်းထားလျက်ရှိသည်မှာ မှန်ကန်ပါကြောင်း တိုက်ကြီးခရိုင် တရားရုံး မှတ်ပုံတင်အမှတ်- ၄၀၄၃/၂၀၂၆ (၁၁-၆-၂၀၂၆) ရက်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဒေါ်မြလွင်၊ ဦးဝမ်ကက်နှင့် ဦးမျိုးဇော်တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဦးမျိုးညွန့် (၁၂/ဗဟန(နိုင်)၀၂၀၈၀၀)၊ ဒေါ်ညိုညို (၁၂/ဗဟန(နိုင်)၀၂၂၇၀)၊ ဒေါ်ချိုချို(၁၂/ဗဟန(နိုင်)၀၂၂၉၆၈)၊ ဒေါ်မိုးမိုး (၁၂/ဗဟန(နိုင်)၀၂၂၅၃၁)၊ ဒေါ်မျိုးမျိုး (၁၂/ဗဟန(နိုင်)၀၀၁၈၅၁) နှင့် ဒေါ်ငွေးကျင် (၁၂/လသယ(နိုင်)၀၈၂၈၅၇)တို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 2C/5734 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) သန်လျင်ခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅နှင့် ဆက်နွယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၂

| | | |
|---|---|---|
| ဒေါ်ဝါဝါအောင်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဒေါ်နုနုရီ) | နှင့် | Xuancai Leather<br>(Myanmar) Co.,Ltd<br>(၎င်း၏ကိုယ်စားလုပ်ပိုင်ခွင့်<br>အာဏာလွှဲအပ်ခြင်းခံရသူ<br>လီဒိုင်ဖျင်) |
| **ဒီကရီအနိုင်ရသူ** | | **တရားရုံး** |

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ်၊ သီလဝါစက်မှုဇုန်၊ မက္ခရာမင်းသားကြီးလမ်း၊ အမှတ် (၆၅) နေ Xuancai Leather (Myanmar) Co.,Ltd (၎င်း၏ကိုယ်စားလုပ်ပိုင်ခွင့်အာဏာလွှဲ အပ်ခြင်းခံရသူ လီဒိုင်ဖျင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချစ်ငြိမ်းနွယ်)
ဒုတိယခရိုင်တရားသူကြီး(၂)
သန်လျင်ခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/11456 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဦးချစ်ညွန့်
**ကထိက (ငြိမ်း)၊ စိုက်ပျိုးရေးသိပ္ပံ၊ ပျဉ်းမနားမြို့**
**အသက်(၇၂)နှစ်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာသာဇံရပ်ကွက်၊ အိမ်အမှတ်(၈/၇၃)နေ (ဦးခင်မောင်-ဒေါ်မိုး)တို့၏သား၊ (ဦးငွေဒင်-ဒေါ်သေးမျှင်)တို့၏ သားသမက်၊ ဒေါ်ငွေသိန်း၏ခင်ပွန်း၊ ဦးကျော်ဇေယျာလင်း (ကောင်စစ်ဝန်ချုပ်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချုံချင့်မြို့)-ဒေါ်နီတာမြင့် (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးဇော်မိုးဦး (အ.ထ.က.(၂)ပျဉ်းမနား)-ဒေါ်ချစ်ပပလင်း(အ.ထ.က-၂၊ ပျဉ်းမနား)တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး လေးယောက်တို့၏ ဘိုးဘိုးကြီးသည်(၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်) ၃၁-၈-၂၀၂၆ (တနင်္လာနေ့) ည ၇ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၂၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ပုဂံ(၁)လမ်း၊ အိမ်အမှတ်(၃၂၉၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်ညွန့်
**အသက် (၇၂) နှစ်**

မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချုံချင့်မြို့မှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်း၏ မွေးသဖခင် ကျေးဇူးရှင် ဦးချစ်ညွန့် အသက်(၇၂)နှစ်သည် ၃၁-၈-၂၀၂၆ရက် ညပိုင်း (၇:၀၀) နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချုံချင့်မြို့**
**ဝန်ထမ်းများမိသားစု**

## အမည်မှန်နှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ မနောရတနာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 (Eco)တန်းမှ မောင်ချင်လှိုင်ဂျုံရှင်း၏ အမည်မှန်မှာ မောင်ချင်လိုင်ဂျုံရှင်းဖြစ်၍ ၎င်း၏ မိဘအမည်မှန်မှာ ဦးချင်လိုင်ဖုန်တန် ၁/ခဘဒ(နိုင်)၀၀၆၇၇၆ နှင့် ဒေါ်မဖန်းနင်ဆားရ် ၁/ခဘဒ(နိုင်)၀၀၈၇၇၂ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅ )**
**ပြင်ဦးလွင်မြို့နယ် တရားရုံးတော်**
**၂၀၂၆ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၄**

| | | |
|---|---|---|
| ဦးသောင်းရွှေ | နှင့် | ဦးချစ်ဖူး |
| တရားလို | | တရားပြိုင် |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)နေ ဦးချစ်ဖူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသောင်းရွှေက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးနိုင်လင်း)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)(က+ခ)၊ လူနေရပ်ကွက်အမှတ်(၁၆)၊ မာလာမြိုင်(၃)လမ်း၊မြေကွက်အမှတ်(၆၆၉)၊ အမှတ်(၉၉)၊ ဧရိယာ(၀.၀၂၈)ဧကရှိနှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတည်း(၆)ထပ်တိုက် အဆောက်အအုံ၏ စတုတ္ထထပ်(၅)လွှာရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးအား ရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းမင်း (၁၂/လမန(နိုင်)၁၁၈၆၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းဇာနည်ဝေ(၁၂/မဘန(နိုင်)၁၀၆၆၉၃)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းဇာနည်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင်(LL.B, D.IP.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၃)**
**အမှတ်-၂၅၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၉၅၁၅၂၅၈၈၀**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ တေဇဝန္တ (သာသနဓဇဓမ္မာစရိယ)
**သက်တော် (၆၂) နှစ်၊ သိက္ခာတော် (၄၂) ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါး/မြောက်ရပ်ကွက်၊ လိပ်ပြာကန်ကျောင်းတိုက်၊ မြတ်တံခွန် စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇဝန္တ (သာသနဓဇ ဓမ္မာစရိယ) သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၄၂)ဝါသည် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်) ၂၉-၈-၂၀၂၆ ရက်(စနေနေ့) မွန်းလွဲ ၁:၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်) ၄-၉-၂၀၂၆ ရက်(သောကြာနေ့) နံနက် ၆ နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ လိပ်ပြာကန်ကျောင်းတိုက်၊ မြတ်တံခွန်စာသင်တိုက်သို့ တရားတော်နာ ကြွရောက်ကြပါရန် တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာများ**
**မြတ်တံခွန်စာသင်တိုက်**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကြည်စိန်
**အသက် (၉၇) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ အေးနှင်းဆီလမ်းနေ ဦးဇော်ဝင်း - ဒေါ်ခင်ညွန့်၊ ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးအောင်မြင့်သိန်း - ဒေါ်အေးသီတာလွင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ (ဒေါ်တင်ကြည်)၏ ခင်ပွန်း၊ ဦးကြည်စိန် အသက်(၉၇) နှစ်သည် ၃၁-၈-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် ၇:၁၅ နာရီတွင် မိမိနေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၉-၂၀၂၆ ရက် (ဗုဒ္ဓဟူး)နေ့ နံနက် ၁၀:၃၀ နာရီတွင် ဖိုးသူတော်စမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး၊ ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစိုးမင်းနိုင် (ဘ) ဦးတင်ဆောင် (၅/မရန(နိုင်) ၁၄၇၀၈၁) သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/ အကွက်အမှတ်နှင့်အမည်( ၂/ပဒေသာ)၊ ဦးပိုင်အမှတ်-(၃၈)၊ မြေ ဧရိယာ (၀ဒသမ၀၄၆)ဧကဟု အမည်တွင်သော မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၄) ထပ်တိုက်အဆောက်အအုံ(၁)လုံး အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်များကို (၅-၈-၂၀၂၆) ရက်တွင် ဦးသန့်ဇင် (ဘ) ဦးတင်အောင် (၅/ရဘန(နိုင်)၀၀၃၈၉၄) ထံမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ဖြစ်စေ၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်လွင် တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၁၄၆)**
**ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၅၉၃)၊ ဧရိယာ(ပေ၄၀xပေ၆၀)ရှိ ဦးချစ်တင် (၁၂/မရက(နိုင်)၀၃၇၁၃၉) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (မြေကွက်အမှတ် ၁၅၉၄ နှင့်ကပ်လျက်တည်ရှိသော) ဧရိယာ(ပေ၂၀xပေ၆၀)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးကျော်မင်း(၇/ဖမန(နိုင်)၂၄၀၉၀၁) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသီဟကျော်စွာ (၅/ကဘလ(နိုင်)၂၀၉၆၇၆)က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်ပိုင်ကို(LL.B)** | **ဦးမင်းခန့်ကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊(၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ပါကြောင်း သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အထက်မင်္ဂလာလမ်း၊ အမှတ် - ၈၂/၈၀ (မြေညီထပ်) တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်နှင့် ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းသာလျှင် လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း ၁၂/အစန(နိုင်) ၀၁၄၆၃၈ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဆန်းထွန်းဝင်း ၈/မကတ (နိုင်)၂၀၀၄၆၀ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ် သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ် ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်လွှဲပြောင်းရောင်းချခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ သတင်းစာကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်းထွန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ်-၄၆၈၉)**
**တိုက်အမှတ်(၅)၊ အခန်းအမှတ်(၁၀၁)၊ အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၅၀၈၁၆၅၈**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း**
**ဂဏာဓိပတိ စုဒ္ဒသမ သာသနာပိုင်ဆရာတော်**
**ဦးစီးပဓာန နာယကဆရာတော်**
## ဘဒ္ဒန္တစိတြဉာဏ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
**သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ အင်ဘက်တောကျေးရွာ၊ အင်ဘက်တောကျောင်းတိုက် ဦးစီးပဓာနနာယက ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း ဂဏာဓိပတိ စုဒ္ဒသမ သာသနာပိုင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တစိတြဉာဏ သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၇)နှစ်သည် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်)၊ ၃၁-၈-၂၀၂၆(တနင်္လာနေ့)ညနေ ၃:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေး တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအားလုံးသိစေရန် အကြောင်းကြားအပ်ပါသည်။

**ဦးပညာဝံသ၊ အရှင်သီရိန္ဒ**
**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်ဖြူညွန့်
**အသက် (၅၄) နှစ်**

ဒေါက်တာ လူမော်ဝင်း (ပန်းလှိုင်ဆေးရုံကြီး)၏ဇနီး ဒေါ်ကြည်ဖြူညွန့်(၅၄)နှစ်သည် ၃၁-၈-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ ဆေးတက္ကသိုလ် (၁)**
**Classmate သူငယ်ချင်းများ**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၃)၊ အမှတ်(၂၅၈)နေ မသူဇာထွန်း၁/မကန(ပြု)၀၀၀၃၀၂၏ ဖခင် ဦးတင်ရှင်(ခ) ဦးတင်ရှိန် ၁/မကန(ပြု)၀၀၀၀၂၆သည် တစ်ဦးတည်းဖြစ်၍ မိခင် ဒေါ်ရင်ရင်(ခ) စီရင်ရင် ၁/မကန(ပြု)၀၀၀၀၂၇ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၇)၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၄)၊ အကွက် အမှတ်(N-4)၊ အကျယ်အဝန်း အလျားပေ(၆၀x၆၀)၊ အနံ (၅၁x၄၀) ပေ (လက်ရှိ မြေပေါ်ရှိ အတိုင်းအတာ)မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ပြုံး(၉/မမန(နိုင်)၀၁၁၉၉၉)ထံမှ ဒေါ်ဖွန်ဝေဖြူ(၉/မပဟမ(နိုင်)၀၂၀၃၈၀) က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဖွန်ဝေဖြူ** | **ဦးနေမျိုးဇော် (LL.B, D.B.L)** |
| **၉/မပဟမ(နိုင်)၀၂၀၃၈၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၂၁၆)၊ ဧရိယာ(၀ဒသမ၀၅၉)ဧကရှိ မြေအကျိုးခံစား ခွင့် များကို ဒေါ်နန်းခင်ခင်သိန်း ၁၃/ကမန(နိုင်)၀၅၉၉၃၉ ပါ(၂)ဦးအမည်ဖြင့် သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်(၂+၃-က)၊အမှတ်(၂+၃-က)၊ (၈ ½)ထပ်တိုက်(Liftပါ) အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အားဌာန၏ ၃-၃-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃၁/၁၇/ စည်ပင်-ယာ(အုံ) အရ မြေပိုင်ရှင် ဒေါ်ဆွေဆွေဦး၊ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဝင်း (LC-၂၀၅)နှင့် လိုင်စင်ရ အင်ဂျင်နီယာ ဦးဌေးဝင်း (LS-၄၅၅)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ(၈½)ထပ်တိုက် အဆောက်အအုံ၏ ဆောက်လုပ်ခွင့်ပြုမိန့်ပါ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဝင်း (LC-၂၀၅) မှာ ကွယ်လွန်သွားကြောင်းနှင့် လိုင်စင်ရအင်ဂျင်နီယာ ဦးဌေးဝင်း (LS-၄၅၅) မှာ ဆက်သွယ်၍မရပါသဖြင့် ကင်းလွတ်ခွင့်ဖြင့် အဆောက်အအုံပြီးစီးကြောင်း လက်မှတ် (BCC) ခွင့်ပြုပေးပါရန် မြေပိုင်ရှင်မှ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက (နန်းမား) Grade-6 မှ မောင်ဖွဲ့ မာန်ဘုန်းသန့်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းနိုင် ၁၄/ဟကက(နိုင်)၀၀၄၁၂၅ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းနိုင်**

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (ဆားမှော်) Grade-12 မှ မမေမီမီဇော်နှင့် Grade-9 မှ မရွှန်းလဲ့ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာ ၅/တဆန(နိုင်) ၁၅၉၇၉၁ ဖြစ်ပါကြောင်း။

**ဦးကျော်စွာ**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ(သဲပုံ) Grade-12 မှ မဝင်းမာအေး၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ဖြစ်ပါ ကြောင်း။

**ဦးမျိုးအောင်**

## ဖခင်အမည်မှန်နှင့် အမည်ပြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ NBLC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-4 မှ မောင်မင်းအောင်လှိုင်အား မောင်မင်းကောင်းမြတ်စံဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးအေးမင်းထွန်း ၇/လပတ(နိုင်)၁၀၄၀၂၂ ဖြစ်ပါကြောင်း။

**ဦးအေးမင်းထွန်း၊**
**မောင်မင်းကောင်းမြတ်စံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အထက(ကုန်းဇောင်း) Grade-11(B) မှ မစံဝတီ၏ဖခင် ဦးထွန်းထွန်းလင်း ၏ အမည်မှန်မှာ ဦးထွန်းလင်း ၈/ပဖန(နိုင်)၁၉၉၀၃၁ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၈-၂၀၂၆ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၅)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ပုဗ္ဗသီရိမြို့ ကြော်ငြာတွင် မြေကွက်အမှတ်(ဥ-၈၈၉၁) အစား မြေကွက်အမှတ် ဥ-၈၈(၁) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 42W/86926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## AOSI SC BANGKOK 2026 ရေကူးပြိုင်ပွဲ၌ မြန်မာ AQUA KING ရေကူးအသင်း ရွှေတံဆိပ်ဆုအပါအဝင် ဆုတံဆိပ် ၅၈ ခုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၁

**ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Assumption Aquatic Center ၌ ဩဂုတ် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် Asian Open Schools Invitational Swimming Championships (AOSI SC BANGKOK 2026) ရေကူးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ AQUA KING Myanmar Swimming Club က ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၁၉ ခု စုစုပေါင်း ဆုတံဆိပ် ၅၈ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။**




အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ရေကူးကလပ် ၇၃ ခု၊ ရေကူးအားကစားသမား ၈၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး AQUA KING Myanmar Swimming Club မှ ရေကူးမောင်မယ် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာရေကူးမောင်မယ်များသည် ပြိုင်ပွဲနှစ်ရက်တာအတွင်း အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့သဖြင့် ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၁၉ ခု စုစုပေါင်း ဆုတံဆိပ် ၅၈ ခုအပြင် အသင်းလိုက် အဆင့်(၅) ဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑

## ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ MRTV HD Channel ၊ MRTV Sports Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် (အမျိုးသား)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်




နေပြည်တော် စက်တင်ဘာ ၁

အားကစားရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

## 2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K)ခြေစစ်ပွဲစဉ်အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K) ပွဲစဉ်များအား ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် ဘရူနိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel ၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

သတင်းစဉ်

### ယနေ့ သတင်းအညွှန်း

**ဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ** စာမျက်နှာ ➢ ၁၂

**ဒုံးပျံလွှတ်တင်မှုနှင့် အာကာသခရီးစဉ်များ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဂျပန်နှင့် အမေရိကန် လက်မှတ်ရေးထိုး** စာမျက်နှာ ➢ ၁၄

## Grand Royal M League ပွဲစဉ်(၂) ပြိုင်ပွဲအချို့အား နေ့ရက်နှင့် ကွင်းပြောင်းလဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

Grand Royal M League 2026–27 ပြိုင်ပွဲ၏ ဒုတိယပတ်ပွဲစဉ်အချို့ကို နေ့ရက်နှင့် ကွင်းပြောင်းလဲ၍ ကျင်းပသွားမည်ဖြစ်သည်။

ပြောင်းလဲမှုများအရ သန်လျင်မြို့နယ် စတားစီးတီးရှိ Sunset Field, Star City Sport Club ၌ ပွဲစဉ်နှစ်ပွဲ ပြောင်းရွှေ့ကစားမည်ဖြစ်ရာ စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် Chinland FC နှင့် Yangon United FC ၊ စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် Myawady FC နှင့် Shan United FC တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၅* ✳



## အာဆင်နယ်က ဆာကာ၏ သွင်းဂိုးဖြင့် အက်စ်တွန်ဗီလာကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂) မှ အက်စ်တွန်ဗီလာနှင့် အာဆင်နယ်အသင်းပွဲစဉ်ကို စက်တင်ဘာ ၁ ရက် နံနက် ၁ နာရီခွဲက ဗီလာပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက တောင်ပံတိုက်စစ်ကစားသမား ဘူကာယို ဆာကာ ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၅* ✪

## ပင်လောင်းမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံတန်ဖိုးနှင့် ကမာရွတ်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ပင်လောင်းမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၇၂ ဘီလီယံတန်ဖိုးနှင့် ကမာရွတ်မြို့နယ်၌ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး(အောက်ပုံ) ဖမ်းဆီးရမိပြစ်မှုကျူးလွန်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖

